## မြမြစိမ်း

# တသက်နှစ်ဘဝ



ဤဝတ္ထုသည် စာရေးသူ၏ စိတ်ကူးယဉ် ဝတ္ထုသာ ဖြစ်ပါသည်။ မည်သူ တစ်ဦးတစ်ယောက်ကိုမျှ ရည်ညွှန်းခြင်း မရှိပါကြောင်း။

စာချုပ်သူများ၏

မြမြစိမ်း

***

အခန်း(၁)

သူ့နားတွင် ကြားနေရသည်က ဘိသိတ်ဆရာ၏ ကျယ်လောင် ဆူညံသော မင်္ဂလာရတု ဖတ်သံ။

အသံက ကျယ်လောင်လွန်းလှသည်။

နားများပင် ကွဲလုမတတ်။

ထို့နောက် သူမြင်ရသည်က မင်္ဂလာခန်းမကြီး တစ်ခုလုံး လျှံထွက်မတတ် ရှိနေသော ဧည့်ပရိသတ်များ . . .

အဘယ် အကြောင်းကြောင့်မှန်း မသိ . . . ညှော့ပရိသတ်များသည် တလှုပ်လှုပ် တရွရွ ဖြစ်နေကြ၏။ ထိုသို့ လှုပ်ရွနေမှုကြောင့် သူတို့၏ကိုယ်ပေါ်တွင် ဝတ်စားဆင်ယင်ထားသော ပိုး၊ ဖဲ၊ ကတ္တီပါ၊ စိန်၊ ရွှေ၊ ရတနာ တို့၏ အရောင်သည် ပြိုးပြက် တောက်ပလွန်းကာ သူ့မျက်စိကို နာကျင်သည့်တိုင် စူးဝင်လျက် ရှိနေ၏။

"အား . . ."

နားမခံသာ၊ မျက်စိမခံသာသဖြင့် မျက်စိကိုမှိတ်။ နားကို ပိတ်လိုက်ချင်၏။

သို့သော် . . .

မည်မျှပင် ကြိုးစားနေကာမူ မှိတ်၍လည်း မရ၊ ပိတ်၍လည်း မရ ဖြစ်နေ၏။

တစ်စ တစ်စနှင့် ဘိသိတ်ဆရာ၏ အသံသည် ကျယ်လောင်သည်ထက် ကျယ်လောင်လာသည်။

ပရိသတ်တို့၏ လှုပ်ရှားမှုသည်လည်း မြန်သည်ထက် ပိုမြန်လာ၏။

"ဟော . . ."

ဘိသတ်ဆရာ၏ အသံသည် တဝေါဝေါ တဝုန်းဝုန်းနှင့် ဗလုံးဗထွေး ဖြစ်လာသည်။

ညှော့ပရိသတ်တို့မှာလည်း ယောက်ယက်ခတ်ကာ ရုန်းရင်းဆန်ခတ် ဖြစ်တော့မယောင် တိုးကြ၊ ဝှေ့ကြ ဖြစ်လာသည်။

သူ ကြောက်လာသည်။

စိတ်မထိန်းနိုင်အောင်ပင် ကြောက်ရွံ့လာမိ၏။

ရင်တွေလည်း တဒိုင်းဒိုင်း ခုန်နေသည်။

သူသည် ကျိုးကန်းတောင်းမှောက် မျက်လုံးမျိုးဖြင့် ပတ်ဝန်းကျင်ကဲ့သို့ ကြ

ည့်နေရာမှ ဖြတ်ခနဲ သူ၏ ဘယ်ဘက်သို့ ကြည့်လိုက်ရာ ဇာပဝါဖြူလွလွကလေးကို ခြုံ၍ ငြိမ်သက်စွာ ထိုင်နေသော ဇနီးလောင်းကလေးကို တွေ့ရ၏။

ဇနီးလောင်းကလေးက ငြိမ်ချက်သား ကောင်းနေ၏။

ဆူဆူညံညံ အသံဗလံတွေကို သူ မကြားလေရော့သလား။

လှုပ်လှုပ်ရွရွ ...ရုန်းရင်းဆန်ခတ် ဖြစ်တော့မယောင် ညှော်ပရိသတ်ကို မမြင်ရော့လေသလား။

"အို ...မဖြစ်ဘူး၊ မဖြစ်ဘူး။ ဖြူ့ကို ဆွဲပြေးမှ ..."

သူသည် သူ့ပတ်ဝန်းကျင်ကို တုန်လှုပ်ချောက်ချားသော အသွင်ဖြင့် ကြည့်နေရာမှ ဤနေရာမှ ဝေးရာသို့ ပြေးရန် ဇနီးသည်ကလေး၏ လက်ကို တအားဆွဲမည်ပြုလိုက်စဉ် ...

"အား ..."

ဘိသိတ်ဆရာ သွန်းလောင်းနေသည့် ခရုသင်းထဲမှ ရေသည် သူ့ကိုယ်ခန္ဓာပေါ်သို့ အရှိန်အဟုန် ကြီးစွာဖြင့် ဝေါခနဲ ကျရောက်လာတော့သည်။

"ဖြူ ...ဖြူ ...ဖြူရေ၊ ဖြူ ...ဖြူ"

မရှူနိုင် မကယ်နိုင်အောင် ရေတွင်မွန်း၍ ယက်ကန် ...ယက်ကန် ဖြစ်နေသည့် ကြားကပင် လက်လွတ်သွားသော ဇနီးလောင်းကလေးကို ရှာဖွေတမ်းတနေမိ၏။

"ဖြူ ...ဖြူ ...ဖြူ၊ အို ...ဖြူ မရှိတော့ဘူး"

"ဖြူ ...ဖြူ ...ဖြူရေ"

အသံကုန် ဟစ်၍ ခေါ်လိုက်စဉ် ရေလှိုင်းတစ်လုံးသည် သူ့ကို ပြင်းထန်စွာ ပုတ်ခတ်ဝါးမျို သွားပြန်၏။

"အား ..."

ဦးခေါင်းထဲတွင် မိုက်ခနဲ ဖြစ်သွားပြီး မှောက်လျက် လဲကျသွား၏။

နောက်ထပ်တစ်ချက် ဝုန်းခနဲ မြည်သံပြု၍ ပုတ်ခတ်လာသော လှိုင်းဒဏ်ကို ခံလိုက်ရတော့မှ သူ့ကိုယ်မှ ကျွတ်လွတ်နေသော အသိတရားသည် သူ့ထံ ပြန်လည် ဝင်ရောက်လာ၏။

အို ...ငါ ...ငါ ရေထဲ ရောက်နေတာပါကလား။

အို ...လှိုင်း ...လှိုင်းကြီးတွေ လာနေပြီ၊ လာနေပြီ။ ငါ့ဆီ လာနေပြီ။

တုန်လှုပ်ချောက်ချားစွာဖြင့် နောက်သို့ လှည့်ပြေးမည်ဟု ကြံရွယ်လိုက်စဉ် လှိုင်းကြီးတစ်လုံးသည် သူ့ကို ဖုံးအုပ်သွားပြန်သည်။

ရေတွင် ဝုန်းခနဲ လဲရပြန်၏။

သူသည် သတိကြီးစွာ ထားကာ လူးလဲ၍ ထလိုက်ပါသည်။

ကြိုးစား၍ အန္တရာယ်လှိုင်းတွေနှင့် ဝေးရာကိုလည်း ပြေး၍ နေမိသည်။

လဲလိုက် ...ပြုလိုက်၊ ပြေးလိုက် ...လဲလိုက်နှင့် ကမ်းခြေဆီသို့ မရောက်တရောက်တွင် နောက်က လိမ့်တက်လာသော လှိုင်းကြီးတစ်လုံးက ပုတ်ခတ်လိုက်သဖြင့် ရှေ့သို့ ဟပ်ထိုးကြီး လဲကျသွား၏။

မောဟိုက် တုန်ယင်နေသည့် ကြားကပင် တွားသွား တိရစ္ဆာန် တစ်ကောင်ပမာ ဝမ်းလျားထိုးကြီး ရွှေ့သွားနေပြန်၏။

ကမ်းစပ်နှင့် အတန်ငယ်ကွာသော နေရာသို့ သူရောက်မှ ဒဏ်ကကင်းလွတ် သွားလေတော့သည်။

သူ့ကို ဝါးမျိုချင်နေသော လှိုင်းတို့၏ အသံသည် တဝုန်းဝုန်း မြည်ဟည်းလျက် ကြောက်ခမန်းလိလိ ပါတကား ...

သူသည် အသက်ကို အလုအယက် ရှူရင်း မှောက်လျက်မှ ပက်လက်လှန်

လိုက်ရာ။ မည်းမှောင်သော ကောင်းကင်ယံတွင် သေးမွှားသော ကြယ်ကလေးများကို တွေ့ရ၏။ သည်တော့မှ အချိန်သမယသည် ညဉ့်အခါဖြစ်သည်ကို သူ သိရှိလာရ၏။

"အာ့ . . . ကျွတ် . . . ကျွတ် . . . ကျွတ်"

တံတောင်ကို အားပြု၍ ထောက်ကာ လဲရာမှ ထမည်ပြုလိုက်စဉ် အသည်းခိုက်အောင် နာကျင်သော ဝေဒနာတစ်ခုက သူ့ကို စိုးမိုးလာပြန်၏။

အနာရှိရာသို့ လက်က ရုတ်ခြည်း ရောက်ရှိသွားသည်။

ချိုစောင်းတွင် ကြက်ဥခန့် ဖုတစ်လုံးကို သူ စမ်းသပ်မိသည်။

နာလိုက်သည်မှာ တဆစ်ဆစ်နှင့် မခံမရပ်နိုင်အောင်ပင်။

လတ်တလောအချိန်တွင် သူ့ကို စိုးမိုးနေသည်က နာကျင်ခြင်း ဝေဒနာ . . .

ဤဝေဒနာသည် လူသတ္တဝါတို့ကို အလွှမ်းမိုးနိုင်ဆုံးသော အရာ မဟုတ်ပါလား။

"အို . . . ကျွတ် . . . ကျွတ် . . . ကျွတ် . . . နာလိုက်တာ . . ."

လက်နှစ်ဖက်ဖြင့် ဦးခေါင်းကို ဖိရင်း သူသည် သောင်ပြင်ပေါ်မှာ ထိုင်နိုင်ဖို့ ကြိုးစားနေ၏။

အတော်ကလေး ကြိုးစားလိုက်မှ ထိုင်နိုင်သော အဆင့်သို့ ရောက်ရှိလာ၏။

သူသည် တဆစ်ဆစ် ထိုးဆွနေသော ဝေဒနာကို ခံစားရင်းက မေးခွန်းပေါင်း များစွာတို့၏ အဖြေကို ရှာနေ၏။

ငါ ဘယ်ရောက်နေတာပါလိမ့်။

ငါ ဘာဖြစ်လို့ ပင်လယ်ထဲ ကျနေပါလိမ့်။

ငှါ့ခေါင်းမှာ ဘယ်လို ဒဏ်ရာ ရပါလိမ့်။

ဖြူ . . . ဖြူ . . . ငှါ့ဇနီး ဖြူ၊ သူ . . . သူ . . . ဘယ်မှာလဲ . . .

အကြောင်းအရာတွေ တစ်စစီဖြစ်နေသည်။ ဘာကိုမျှ ဆက်စပ်၍ မရ . . .

တွေးပါများတော့ ဦးခေါင်းထဲတွင် နောက်ကျိ၍ လာပြန်သည်။

သူသည် မျက်စိကို မှိတ်၍ ဦးခေါင်းက ဒဏ်ရာကို လက်ဖြင့် ဖိရင်း . . . အသက်ကို မှန်အောင် ရှူနေသည်။

လှိုက်ခုန်နေသော ရင် ငြိမ်စပြုလာမှ သူသည် ထရပ်ဖို့ တစ်ဖန် ကြိုးစားပြန်၏။

ကိုယ့်ကိုယ်ကိုယ် မနိုင် . . .

ဒယီးဒယိုင် ဖြစ်၍နေသည်။

ခြေတစ်လှမ်း လှမ်းမည် ကြံလိုက်တိုင်း ယိမ်းထိုးကာ လဲတော့မယောင်၊ လဲတော့မယောင် ဖြစ်နေသည်။

သူ့အနီးမှ လူတစ်စု ဖြတ်သွားသည်။

လှည့်ကြည့် . . . လှည့်ကြည့်နှင့် သူ့ကို အမူးသမားတစ်ယောက်ဟု ထင်မှတ်သွားကြဟန် ရှိ၏။

ကိုယ့်ကိုယ်ကိုယ် ကြိုးစား၍ ထိန်းကာ ဆက်၍ လျှောက်လိုက်ပြန်သည်။

မည်မျှပင် ထိန်းထိန်း၊ လူကတော့ ဒယီးဒယိုင်နှင့်ပင်။

လေးငါးလှမ်းမျှ အရောက်တွင် တစ်ခါ လဲကျသွားပြန်၏။

"အို . . . ဒုက္ခပါပဲ။ ငါ ဘယ်သွားမလို့လဲ။ ငါ ဘယ်သူလဲ၊ ငါ ဘယ်ကို သွားနေတာလဲ၊ မသိဘူး . . . မသိဘူး။ ငါ ဘာမှ မသိတော့ပါလား။ အို . . . ကျွတ် . . . ကျွတ် . . . ကျွတ် . . . ခေါင်းကလည်း နာလိုက်တာ။ အင်း . . .

အင်း ...အင်း"

***

"ဟာ ...ဆရာ ဦးသက်ထွန်းပါလား"

တအင်အင် ငြီးနေရာမှ ဖြတ်ခနဲ မျက်လုံးများကို ဖွင့်ကြည့်လိုက်သည်တွင် လက်ဆွဲမီးအိမ်ကို မြှောက်ကိုင်ကာ သူ့အား တအံ့တသြ ကြည့်ရှုနေသော လူငယ်တစ်ဦးကို တွေ့ရ၏။

"မင်း ...မင်း ဘယ်သူလဲ"

"ဟာ ...ဆရာ၊ သိပ်မူးနေပြီ ထင်တယ်။ ကျွန်တော် စထရင်းဟိုတယ်က အလုပ်သမား သာဇံဦးလေ၊ ဆရာ ညနေကတည်းက ဘယ်ထွက်သွားတာလဲ"

"မသိဘူး ...မသိဘူး၊ ငါ ဘာမှ မသိဘူး"

"ဟာ ...ဆရာ ...သိပ်မူးနေပြီ ထင်တယ်၊ လာ ...လာ ...ဆရာ့အခန်းကို ကျွန်တော် တွဲပို့ပေးမယ်။ တော်သေးတာပေါ့၊ ကျွန်တော်နဲ့ ဆိုက်ဆိုက်မြိုက်မြိုက် လာတွေ့လို့"

"ဘယ်အခန်းလဲ။ ငါ့ကို မင်း ဘယ်ခေါ်သွားမလို့လဲ။ မလိုက်ဘူး ...မလိုက်ဘူး"

သူက ကယောင်ကတမ်းနှင့် ပြောလိုက်သည်။

"ဟား ...ဟား ...ဟား ...ဆရာ ဒီလို ...ဒီလို လူမှန်းမသိအောင် မူးအောင် သောက်တာ ဒီတစ်ခါပဲ တွေ့ဖူးတယ်။ ဆရာကတော်များ ပါလာရင် ဘယ့်နှယ်နေမလဲ မသိဘူး။ ဟား ...ဟား ...ဟား"

"ဖြူ ...ဖြူ ...ဟင် ...မင်း ...ဖြူကို သိတယ်။ ဖြူ ...ဖြူ ဆိုတာ ငါ့မိန်းမ၊ သူ ...သူ ဘယ်မှာလဲ၊ ဖြူ ဘယ်မှာလဲ"

"ဟား ...ဟား ...ဟား ဆရာကတော့ စံပဲ။ ဆရာ ဒီတစ်ခေါက် လာတာ ဆရာကတော် မပါဘူးလေ ...ဟား ...ဟား ...ဟား ...လာ ...လာ ...ဆရာ့တစ်ကိုယ်လုံးလည်း ရွှဲရွှဲစိုလို့၊ ဆရာ့အခန်း ပြန်မှဖြစ်မယ်"

"အင်း ...ဒီကောင်လေးဟာ ငါ့ကို သိနေပုံပဲ။ ငါ့အခန်းကို ခေါ်သွားမလို့တဲ့။ သူ့နောက်လိုက်သွားရင် ငါ ...ငါ ဘယ်သူဆိုတာ အစကောက်လို့ ရကောင်း ရမှာပဲ ...အော့ အား"

"ကဲ ...ထ ...ထ ...ဆရာ ...ကျွန်တော် တွဲမယ်"

သူငယ်ကလေး၏ ဖေးမ, တွဲကူမှုကို အားကိုး အားထား ပြုကာ သူသည် စထရင်းဟိုတယ်ဆီသို့ ရောက်ရှိလာ၏။

ဟိုတယ်တွင် စားသောက်နေကြသူများ၊ တည်းခိုနေသော ဧည့်သည်များနှင့် ဝိုင်းဖွဲ့ စကားပြောနေကြသူ များသည် သူ့ကို အရက် အလွန်အကြူး မူးလာသူပဲဟု ထင်မြင်ကြကာ ပြုံးစေ့ ပြုံးစေ့ ဖြစ်နေကြ၏။

"အော့ ...ဆရာ၊ ဒီဘက်လေ ...ဒီဘက်။ ဆရာ့အခန်းက ဒီဘက်မှာ။ အဟီး ...ဆရာလည်း ကိုယ့်အခန်းတောင် ကိုယ် မသိတော့ဘူး"

သို့နှင့် သူသည် အခန်းတစ်ခုဆီသို့ ရောက်ရှိလာ၏။

တစ်ယောက်အိပ် ခုတင်တစ်လုံး၏ နံဘေး စားပွဲပေါ်တွင် ကြီးမားသော ခရီးဆောင် လက်ဆွဲအိတ် အနက်ရောင်ကြီး တစ်လုံးကို သူ သတိပြုလိုက်

မိသည်။

"အဝတ်အစားတွေ ကျွန်တော် ထုတ်ပေးရမလား ဆရာ"

"အာ့ . . . နေနေ၊ ကိုယ့်ဘာသာ ကိုယ် ထုတ်မယ်။ ကျေးဇူးပါပဲ မောင် . . ."

"အဟဲ . . . ဟဲ . . . သာဖုံဦးလေ . . . ဆရာ"

"အေး . . . သာဖုံဦးရယ် . . . ကိုယ်နဲ့ မင်း မနက်ကျမှပဲ တွေ့ကြတော့မယ်"

"ကောင်းပြီ ဆရာ"

သာဖုံဦးသည် အခန်းတံခါးကို ဆွဲပိတ်ခဲ့ပြီး ရယ်ကျဲကျဲနှင့် ထွက်ခွာသွားတော့၏။

သာဖုံဦး ထွက်သွားသည်နှင့် တစ်ပြိုင်နက် သူသည် ဒယီးဒယိုင်နှင့် တံခါးဆီသို့ လျှောက်သွားပြီး တံခါးကို အတွင်းမှ ချက်ထိုးလိုက်သည်။

"ဟူး . . ."

သူ့မျက်လုံးများသည် လက်ဆွဲသားရေ အိတ်ကြီးဆီသို့ ရောက်ရှိသွား၏။ သူသည် ကွက်လပ်ဖြစ်နေသော သူ့ဘဝကို အဖြေရှာရန်အတွက် လက်ဆွဲအိတ်ကြီးဆီသို့ ချဉ်းကပ်ခဲ့ပြန်သည်။

ဦးခေါင်းထဲတွင် ဝေသီနေသည့် ကြားကပင် သူသည် လက်ဆွဲသားရေအိတ်ကြီး၏ ဇစ်ကို ကြိုးစား၍ ဖွင့်လိုက်သည်။

အဖိုးတန် အစများဖြင့် ချုပ်ထားသော ရှပ်အင်္ကျီ၊ ဘောင်းဘီနှင့် ပုဆိုးများကို အထပ်လိုက် တွေ့ရှိရ၏။

အတွင်းက ပစ္စည်းများကို ခုတင်ပေါ်သို့ သွန်ချလိုက်သည့် အခါတွင်တော့ . . .

သွားတိုက်ဆေး၊ သွားပွတ်တံ၊ ဆပ်ပြာခွက်၊ လျှပ်စစ် မုတ်ဆိတ်ရိတ်စက်နှင့် လက်ကိုင်ပဝါ သုံးလေး ထည်ကို တွေ့ရ၏။

လက်ဆွဲအိတ် အတွင်းဘက်တွင် သီးသန့်ချုပ်ထားသော အိတ်တစ်ခုကို ဇစ်ဖြုတ်၍ အထဲက ပစ္စည်းများကို နှိုက်ယူလိုက်ပြန်သည်။

သားရေပျော့ဖြင့် ချုပ်ထားသော ပိုက်ဆံအိတ် တစ်ခုနှင့် ငွေစက္ကူ အထပ်လိုက် ပါလာ၏။

သူသည် သားရေပျော့ အိတ်ကလေးကို လှန်ကြည့်လိုက်ပြန်သည်။

ယောကျ်ားတစ်ယောက်နှင့် မိန်းမတစ်ယောက် တွဲရိုက်ထားသော ဓာတ်ပုံကို တွေ့ရ၏။ (နောက်ကျော ဘက်တွင် စာတန်းကလေးနှင့်၊ မောင်နဲ့ ဖြူ ၁၈-၄-၁၉၇၀)

သူသည် ဓာတ်ပုံကို အသေအချာ စူးစိုက်ကြည့်ရှုပြီး အခန်းထဲရှိ ကြည့်မှန် တစ်ချပ် ရှေ့တွင် သွားရပ်လိုက်သည်။

"ငါ ...ငါ ...ဒါ ငါပဲ။ ငါနဲ့ဖြူ၊ ဖြူနဲ့ ငါ။ ဟုတ်ပြီ။ ဒါ ငါ၊ ငါမှ အစစ်"

ဓာတ်ပုံကို ကြည့်လိုက်၊ မှန်ထဲက သူ့မျက်နှာကို ကြည့်လိုက်နှင့် အချိန် အတော်ကြာ လေ့လာသုံးသပ် နေ၏။ ပြီးမှ သားရေပိုက်ဆံအိတ် ကလေး၏ အိတ်အကန့်များကို ကြည့်ရှုစစ်ဆေး လိုက်ပြန်သည်။

မှတ်ပုံတင် တစ်ခု ထွက်လာသည်။

မောင်သက်ထွန်း

မှတ်ပုံတင်အမှတ် (.........)

အဘအမည် - ဦးလူလေး

ထင်ရှားသော အမှတ်အသား - လကျ်ာဘက် နားထင်မှာ မှဲ့နီရှိ။

နေရပ်လိပ်စာ၊ အမှတ် (   ) သဲဖြူရွာ၊ မှော်ဘီ။

"သက်ထွန်း ...သက်ထွန်း ...သက်ထွန်းဆိုတာ ငါ၊ ဟုတ်ပြီ။ ငါ ... ငါ ဖြူမပါဘဲ ငပလီကို ဘာဖြစ်လို့ ရောက်လာတာလဲ။ ရောက်လာတဲ့ အကြောင်းက ဘာလဲ၊ ပင်လယ်ထဲ ငါ ဘယ်လို ရောက်နေသလဲ။ ငါ့ခေါင်း . . . ငါ့ခေါင်းက ဒဏ်ရာက ဘယ်လို ရလာတာလဲ။ ပင်လယ်ထဲမှာပဲ ကျောက်ဆောင်တွေနဲ့ တိုက်ပြီး ရခဲ့တာလား။ ဒါမှမဟုတ်၊ တစ်ဦးတစ်ယောက်ရဲ့ လက်ချက်လား ...

အို ...ငါ ဘာမှ စဉ်းစားလို့ မရပါလား"

သူသည် သားရေ ပိုက်ဆံအိတ်ကလေး၏ နောက်ဆုံးအကန့်ကို ဖြကြည့်လိုက်မိပြန်သည်။

လေယာဉ်လက်မှတ် နှစ်စောင်တွဲကို တွေ့ရ၏။

RGN/SDW

UB – Spl F27 1700 Hrs.

U Thet Tun

ရန်ကုန်မှ သံတွဲသို့ လေယာဉ်လက်မှတ် လက်ခံတစ်စောင်။

SDW/RGN

U Thet Tun

နေ့စွဲနှင့် Flight No, မတပ်ရသေးသော အပြန်လက်မှတ် တစ်စောင်။

"အို ...ငါReturn Ticket တောင် ဝယ်ခဲ့ပြီးသားပါလား။ ငါ ရန်ကုန်ကို အမြန်ပြန်ရုံပဲ ရှိတယ်"

သက်ထွန်းသည် ပစ္စည်းများကို လက်ဆွဲအိတ်ကြီးထဲသို့ ထိုးသိပ်ထည့်ပြီး သူ့ကိုယ်ပေါ်က ရေစို အဝတ်အစားများကို လဲလှယ်နေ၏။

ထိုစဉ် ဝေဒနာအသစ် တစ်ခုက သူ့တွင် ထပ်ဝင်လာ၏။

ဆာလောင်မွတ်သိပ်ခြင်း ဝေဒနာ ...

ရင်ထဲတွင် ဟာ၍ ပူလောင်ခြင်း ပြင်းပြလာ၏။

"ဒုက္ခပါပဲ"

သူသည် စောစောက တွေ့ရသော ငွေစက္ကူအထပ်ကို ပြန်ရှာ၍ ဆွဲထုတ်လိုက်သည်။

အစိတ်တန် အသစ်ကျပ်ချွတ် တစ်အုပ်သည် သူ့လက်ထဲတွင် ပါလာ၏။

"အင်း ... ငွေတွေကလည်း မနည်းပါလား။ ဒီငွေတွေ ငါ ဘယ်က ရလာသလဲ။ ငါ ဘယ်လိုလူ တစ်ယောက်လဲ။ လူချမ်းသာလား။ လူဆင်းရဲလား၊ အား ... ဒါတော့ မဖြစ်နိုင်ဘူး။ ပိုက်ဆံရှိတဲ့ ကောင်တော့ ဖြစ်ကို ဖြစ်ရမယ်။ ကြည့်စမ်း အဝတ်အစားတွေက ကောင်းမှကောင်း။ အသုံးအဆောင်ပစ္စည်းတွေကလည်း Electric Shaving Set တွေ ဘာတွေနဲ့။ အို ... ငါ ဘာကောင်ပဲဖြစ်ဖြစ် အရေးကြီးတာက ငါ့ဝမ်း ဟာနေတဲ့ ကိစ္စပဲ။ ဒီပြဿနာကို အရင်ရှင်းရမယ်"

သက်ထွန်းသည် အစိတ်တန် နှစ်ရွက်ကို ငွေထုပ်ထဲမှ ဖြုတ်ယူလိုက်ပြီး ငွေထုပ်ကို သိမ်းလိုက်သည်။ ပြီးလျှင် အခန်းတံခါးကို ချက်ဖွင့်ကာ အပြင်သို့ ထွက်လိုက်ပြီး။ ဟို ဟို သည် သည် ကြည့်နေစဉ် စောစောက သူ့ကို ကူညီခဲ့သော ကောင်ကလေးကို တွေ့ရှိရ၏။

"ဟေ့ ... ဟေ့ ... ခဏလာပါအုံးကွ"

"ဆရာ ... ဘာလိုချင်လို့လဲ"

"ငါ သိပ်ဆာနေတယ်ကွာ၊ ရော့ ပိုက်ဆံ စားစရာတစ်ခုခု ဖန်လာခဲ့"

"ငါးဆယ်ကြီးများတောင် များလှချည့်လား ဆရာ"

"အစိတ်က မင်းဖို့ ဘောက်ဆူး ... ကျန်တဲ့ အစိတ်ထဲက ငါ့အတွက်

စားစရာနဲ့ အကိုက်အခဲ ပျောက်ဆေး တစ်လုံးလောက် ရှာလာခဲ့ပါ . . ."

"ကောင်းပြီ ဆရာ . . . ဆရာ့အခန်းထဲ ကျွန်တော် လာပို့ပေးမယ်"

သက်ထွန်းသည် မြူးမြူးသွက်သွက် ထွက်ခွာသွားသော ကောင်ကလေးကို အတန်ကြာအောင် လှမ်းကြည့်နေပြီးမှ သူ့အခန်းထဲသို့ ပြန်လှည့်ဝင်လိုက်သည်။

အိပ်ရာပေါ်တွင် လှဲ၍ မိနစ်နှစ်ဆယ်ခန့်မျှ အောင့်အည်း စောင့်လိုက်သည့်အခါတွင် သာဖုံဦးကလေး သည် အငွေ့ တထောင်းထောင်း ထ၍ မွှေးကြိုင်နေသော ခေါက်ဆွဲပန်းကန်ကြီး တစ်ချပ်ကို ကိုင်၍ သူ့အခန်းထဲသို့ ဝင်ရောက်လာ၏။

သက်ထွန်းလည်း ဣန္ဒြေမျှပင် မဆည်နိုင်ဘဲ ငေါက်ခနဲ ထထိုင်လိုက်သည်။

"ဆေးကတော့ နိုဗယ်ဂျင်ပဲ ရှိတယ်။ တခြား ဘာလိုသေးလဲ ဆရာ"

သက်ထွန်း၏ လက်ဆီသို့ ခေါက်ဆွဲကြော် ပန်းကန်နှင့် ဆေးပြားတစ်ပြားကို ကမ်းပေးရင်း သာဖုံဦးက မေးလိုက်သည်။

"သောက်ရေ လိုချင်တယ်ကွာ"

"ရမယ် ဆရာ"

ကောင်လေးကို ဖြေပြီးသည်နှင့် တစ်ပြိုင်နက် သက်ထွန်းသည် ပူလောင်နေသော ခေါက်ဆွဲများကို အေးအောင်ပင် မစောင့်ဆိုင်းနိုင်ဘဲ တဖူးဖူးမှုတ်၍ အငမ်းမရပင် စားလိုက်မိ၏။

ချိုမြိန်သော အရသာထက် ပူလောင်သော အရသာက လျှာပေါ်တွင် သာလွန်နေ၏။

သက်ထွန်းသည် ပူပူလောင်လောင် ကြီးကိုပင် အငမ်းမရ လွေးလိုက်ရာ

ခေါက်ဆွဲကြော် တစ်ပန်းကန်သည် ပြိုက်ခနဲ ကုန်သွားတော့၏။

သည်တော့မှပင် သူ့ခမျာ နေသာထိုင်သာ ရှိသွားရှာတော့၏။

"ဟူး ...ဝေဒနာဆိုတာ ဘယ်ဟာမှ မကောင်းပါလား"

ပန်းကန်ကို ချထားပြီး နဖူးပေါ်တွင် စို့ထွက်နေသော ချွေးသီးချွေးပေါက်များကို သုတ်ရင်း သူသည် ညည်းတွားလိုက်ရှာ၏။

ရေတစ်ဖန်ချိုင့်ကို ကိုင်၍ ဝင်လာသော ကောင်လေးသည် ပြောင်တလင်းခါနေသော ခေါက်ဆွဲပန်းကန်ကို တွေ့လိုက်ရလျှင် မျက်လုံးအစုံ ပြူးခနဲ ဖြစ်သွား၏။

"ဟာ ...ဒီဆရာ ဘယ်လိုများ စားလိုက်ပါလိမ့်"

ခေါက်ဆွဲပန်းကန်ကို တစ်လှည့် သူ့ကိုတစ်လှည့် ကြည့်နေသော ကောင်ကလေးကို သက်ထွန်းသည် သူ့ဝမ်းဗိုက်ကို သူ့လက်ဖြင့် ပွတ်ရင်းက ခပ်ငေးငေးပင် ပြန်ကြည့်နေ၏။

"ဘာလိုသေးလဲ ဆရာ"

"ပြည့်စုံပါပြီ၊ ကျေးဇူးပဲ သာဖဲ့ဦး"

သာဖဲ့ဦးသည် ပန်းကန်အလွတ်ကို ကောက်ယူ၍ အခန်းတွင်းမှ ထွက်ခွာသွားရန် ဟန်ပြင်လိုက်၏။

"အာ့ ...နေဦး၊ နေဦး သာဖဲ့ဦး"

"ဘာလဲ ဆရာ"

"မင်းအသိ တက္ကစီတွေ ဘာတွေများရှိလား"

"ရှိတယ်ဆရာ၊ ဘယ်သွားချင်လို့လဲ"

"မနက်ဖြန် ကိုယ် ရန်ကုန်ပြန်မယ်၊ လေယာဉ်ထွက်ချိန်အမီ ကားလိုချင်

တယ်။ မင်း စီစဉ်ပေးနိုင်မလား"

"ကျွန်တော် ကားမှာပေးမယ်၊ စိတ်ချနေ ဆရာ"

"ကျေးဇူးပဲကွာ"

ကောင်ကလေး ပြန်ထွက်သွား၏။

သက်ထွန်းလည်း သူ့အခန်းတံခါးကို ထ,ပိတ်လိုက်ပြီး ရေတစ်ခွက် ငှဲ့ယူကာ ဆေးပြားလေးကို သောက်လိုက်သည်။ ပြီးလျှင် ခုတင်ပေါ်သို့ ပစ်လှဲချလိုက်၏။

ပြည့်အင့်နေသော ဝမ်းဗိုက်ကို အသာပွတ်ရင်း တဆစ်ဆစ် နာနေသော ဦးခေါင်းက ဝေဒနာကို သူသည် အဖြေရှာကြည့်နေမိ၏။

ဦးခေါင်းထဲတွင် ဝေ့ခနဲ ဝေ့ခနဲနှင့် ဘာတစ်ခုကိုမျှ ဆက်စပ် တွေးတောမရဘဲ သူသည် အိပ်ပျော်သွား တော့၏။

***

အခန်း(၂)

အာချီလွင် (ဘီအေ - ဘီအယ်လ်) ဟူသော ပြောင်လက်နေသည့် ကြေးဝါဆိုင်းဘုတ် ချိတ်ဆွဲထားသည့် ဘားလမ်းထဲက တိုက်ခန်းတစ်ခု ရှေ့သို့ ကြယ်ပြာရောင် ချက်ပလက်ကား တစ်စီး ထိုးဆိုက်လာ၏။

ကားပေါ်မှ ဆင်းလာသော လူရွယ်သည် အသက်အားဖြင့် သုံးဆယ်ခန့်သာ ရှိဦးမည် ဖြစ်၏။

ရုပ်ရည်က သန့်ပြန့်သည်။

ဝတ်စားပုံက အချိုးကျ၍ သပ်ရပ်သည်။

ဂိုက်ဆိုက်ကတော့ ဘဝင်မြင့်တတ်သော လူတန်းစားထဲကဟန် ပေါ်လွင်နေ၏။

"ဟေ့ . . . တင့်မောင်၊ အာချီရှိလား"

ရုံးလုလင်ကလေး ဖြစ်သော လူငယ်ကို သူက လှမ်းမေးရင်း ကားတံခါးကို ဂျိန်းခနဲနေအောင် ဆောင့်ပိတ်လိုက်သည်။

"ဆရာ ရှိပါတယ်ခင်ဗျာ"

ကျိုးနွံသောဟန်ဖြင့် သူငယ်ကလေးက ဖြေလိုက်သည်တွင် လှေကားပေါ်သို့ တက်ရန် ဟန်ပြင်လိုက်၏။

"ကိုကျော်ဇောဦး၊ ကိုကျော်ဇောဦး၊ ခဏနေပါဦး ခင်ဗျာ"

လှေကားပေါ်သို့ တက်ဟန်ပြင်နေသည့် လူ၏ ဦးခေါင်းသည် နောက်သို့ ချာခနဲ လှည့်သွား၏။

သူ တစ်ကြိမ်တစ်ခါမျှ မတွေ့ဖူး မမြင်ဖူးသော လူရွယ်တစ်ဦးကို တွေ့ရှိရ၏။

ပိန်ပိန်ပါးပါး အရပ်မြင့်မြင့်နှင့် ကြည့်ကောင်းသော ရုပ်ရည်ရှိသူ လူရွယ်ကို သူက ထူထဲသော မျက်ခုံးများ စု၍ ကြည့်လိုက်သည်။

"ဘာကိစ္စလဲကွ"

"သိပ်အရေးကြီးတဲ့စကား ကိုကျော်ဇောဦးကို ပြောချင်လို့ပါ ခင်ဗျာ"

ကျော်ဇောဦးသည် ပိုမို၍ မျက်မှောင်ကုတ်သွားသည်။

"မင်း . . . ဘယ်သူလဲ။ မင်းနဲ့ငါ ဘာအရေးကြီးတဲ့ ကိစ္စများ ပြောစရာ ရှိလို့လဲ . . ."

"ကျွန်တော် ဘယ်သူဆိုတာ သိဖို့ထက် ခင်ဗျားယောက်ဖ ဘယ်အခြေအနေမျိုးမှာ ရှိတယ်ဆိုတာ ခင်ဗျားသိဖို့ ပိုအရေးကြီးပါတယ် ကိုကျော်ဇောဦး"

"ဘာ . . . ဘာ . . . ဘာကွ . . . ငါ့ယောက်ဖ ဟုတ်လား။ သူ . . . သူ . . . ခု ဘယ်မှာလဲ။ သူ . . . ဘာဖြစ်နေလို့လဲ"

ကျော်ဇောဦးသည် ပြူးပြူးပြာပြာ ဖြစ်လာကာ၊ လူရွယ်ဘက်သို့ ချာခနဲ လှည့်၍ မျက်နှာချင်းဆိုင် လိုက်၏။

သူ့အသွင်က အတော်ပင် စိတ်လှုပ်ရှားနေပုံ။

"ကိုကျော်ဇောဦးနဲ့ ကျွန်တော် အေးအေးဆေးဆေး စကားပြောချင်ပါတယ်"

"လာလေ . . . ဒီရုံးခန်းမှာ ပြောနိုင်တာပဲ"

"ဟင့်အင်း ...ဒီရုံးခန်းမှာထက် လက်ဖက်ရည်ဆိုင် တစ်ဆိုင်ဆိုင်မှာ ဆိုရင် ပိုကောင်းပါလိမ့်မယ်"

"ကဲ ...လာ ...ဒါဖြင့် ကားပေါ်တက်"

လူရွယ်သည် ဖျတ်လတ်စွာ ကားရှေ့ခန်းတံခါးကို ဖွင့်၍ တက်ထိုင်လိုက်သည်။

ကျော်ဇောဦးလည်း ယာဉ်မောင်းနေရာတွင် တက်ထိုင်ကာ ကားစက်ကို နှိုးလိုက်သည်။

"ဟေ့ ...ဟေ့ ...ကျော်ကျော်"

တိုက်ခန်းထဲမှ တစ်ဦးတစ်ယောက်သည် ပြေးထွက်၍ ခေါ်လိုက်သော်လည်း ကျော်ဇောဦးသည် နောက်သို့ ယောင်၍မျှပင် လှည့်မကြည့်ဘဲ၊ စိတ်လှုပ်ရှားစွာ ကားကို ဝူးခနဲ မောင်းထွက်သွားတော့သည်။

***

"မင်းသမီးဆို ဘယ့်နှယ်လဲ"

ကျော်ဇောဦးသည် စောင်းငဲ့၍မျှပင် မကြည့်ဘဲ၊ သူ့နံဘေးက လူရွယ်ကို မေးလိုက်သည်။

"သိပ်ကောင်းတဲ့ နေရာပါပဲ"

ကျော်ဇောဦးသည် ကားကို မင်းသမီး လက်ဖက်ရည်ဆိုင် ရှိရာ လမ်းဘက်

သို့ မောင်းနှင်လာ၏။ မကြာမီ ယင်းလက်ဖက်ရည်ဆိုင် ဆီသို့ ရောက်ခဲ့ကြသည်။

ထောင့်ကျကျ စားပွဲတစ်လုံးကို ရွေးချယ်လိုက်ကြ၏။

"လက်ဖက်ရည် ချိုဆိမ့် နှစ်ခွက်"

ကျော်ဇောဦးက စားပွဲထိုးကလေးအား လက်နှစ်ချောင်း ထောင်၍ ပြကာ မှာကြားလိုက်၏။

"ကဲ ... ဆိုစမ်းပါဦး၊ မောင်ရင်က ဘယ်သူလဲ၊ ငါ့ယောက်ဖအကြောင်း ဆိုတာက ဘာလဲ"

"ကျွန်တော် ဘယ်သူဆိုတာ သိဖို့ မလိုပါဘူးလေ။ အရေးကြီးတာက ကိုသက်ထွန်း အကြောင်းပါ။ ခင်ဗျားတို့ တစ်ဆွေလုံး တစ်မျိုးလုံးရဲ့ ဂုဏ်သိက္ခာကို ထိခိုက်စေမဲ့ စာတစ်စောင် ကျွန်တော့်ဆီမှာ ရှိနေတယ် ကိုကျော်ဇောဦး ..."

"ဟင် ... စာတစ်စောင် ဟုတ်လား။ ဘာစာလဲ"

"နှင်းဝေဆီက ခင်ဗျားယောက်ဖ ဆီကို ရေးလိုက်တဲ့ စာလေ"

"နှင်းဝေ ... နှင်းဝေ ... နှင်းဝေ ဆိုတာ ဟိုကောင်မပဲ"

"ဟုတ်တယ်၊ နှင်းဝေ ... နှင်းဆိုတာ ခင်ဗျားယောက်ဖရဲ့ ပထမလူ၊ ဒုတိယပေါ့"

"ဘာကွ"

"အဟဲ ... ဟဲ ... ဟဲ ... ပထမလူ ဒုတိယ ဆိုတာ ဒီလိုလေ၊ ခင်ဗျားယောက်ဖနဲ့ အရင်ဖြစ်တာက နှင်းဝေ ... ဒါပေမဲ့ ခင်ဗျားညီမနဲ့ ညားသွားတော့ သူ့ခမျာ ဒုတိယ ဖြစ်သွားရှာတာပေါ့"

ရှူးရှူးရှားရှား ဖြစ်သွားသော ကျော်ဇောဦးက ရုတ်ခြည်း ငိုင်ကျသွား၏။

"ဘာလဲ ဒီကောင် ဒီကောင်မနဲ့ ယူသွားပြီလား"

လူရှယ်က ပခုံးနှစ်ဖက်ကို ဟန်ပါပါတွန့်လိုက်၏။

"ဒါတော့ မသိဘူးလေ . . . ကျွန်တော့်ဆီက စာကိုဖတ်ပြီးတော့ ခင်ဗျားတို့ အဓိပ္ပာယ် ကောက်ကြပေါ့"

"ဘယ်မလဲ စာ။ ပေးစမ်း"

"အဟင်းဟင်း . . . အရှိန်အဝါနဲ့ ဂုဏ်သိက္ခာ အသိုင်းအဝန်းကြီး တစ်ခုလုံးကို ဒိုးလိုမွှေ၊ ရေလိုနှောက် ပစ်နိုင်တဲ့ စာတစ်စောင်ကို ဒီလို လွယ်လွယ်နဲ့ ပေး ဆိုတိုင်း ပေးလိုက်ရမှာလား ကိုကျော်ဇောဦး . . ."

"သြော် . . . နားလည်ပြီ . . . နားလည်ပြီ၊ လက်စသတ်တော့ မင်းက ငါ့ကို ငွေညှစ်မလို့ကိုး . . ."

"ဟိုး . . . နိုး . . . နိုး . . .နိုး . . . ဒီစကားမျိုး မသုံးပါနဲ့။ လက်ထိတ်စော်နံ့ပါတယ်။ ကျွန်တော်က အရောင်းအဝယ်သာ လုပ်ချင်တာပါ၊ ဈေးက သိပ်မများပါဘူး၊ ငါးထောင်ပါ၊ ငါးထောင်ထဲပါ၊ ငါးထောင်ဆိုတာ ခင်ဗျားတို့လို ဘော်ဇာတွေ အတွက် အသေးစရိတ်တောင် မရှိပါဘူး။ အဲဒီစာရဲ့ အခြေအနေကလည်း ငါးထောင်ထက် အဆပေါင်းများစွာ တန်ပါတယ် ကိုကျော်ဇောဦး"

"နေပါဦး။ မင်းစာကို မတွေ့ရဘဲ ငါက ဘယ်လို ငွေပေးနိုင်မှာလဲ။ ဒီစာက အတု ဖြစ်နေရင်ကော"

"ဒီမှာ ကိုကျော်ဇောဦး၊ ကျွန်တော် တစ်ခုပဲ မေးမယ်။ ခင်ဗျားယောက်ဖ ခု ဘယ်မှာလဲ"

"မရှိဘူး၊ အိမ်က ထွက်သွားတာ သုံးရက်ရှိပြီ"

"အေး . . . ကျုပ်ရဲ့ချစ်သူ နှင်းဝေလည်း မော်ဘီကနေ ပျောက်သွားတာကို

ရော ခင်ဗျားတို့ သိလိုက်သလား"

ကျော်ဇော‌ဦး၏ မျက်နှာသည် အိုကျသွား၏။

"အဟင်း ...တစ်နဲ့ တစ် ပေါင်း နှစ် ဆိုတဲ့ အဖြေထွက်ပါတယ် ကိုကျော်ဇော‌ဦးရယ် . . .၊ ဟောဒီမှာ ခင်ဗျား ဖတ်နိုင်အောင် ကျုပ် စာရွက်ကလေး ထောင်ပြလိုက်မယ်။ ဒီမှာကြည့်"

လူရှယ်သည် သူ့အိတ်ကပ်ထဲမှ စာကိုထုတ်၍ ဝေးဝေးမှ ကျော်ဇော‌ဦး မြင်သာအောင် ထောင်ပြလိုက်သည်။

အစ်ကိုထွန်း

ညီမ ငပလီကို ထွက်သွားပြီ။ အစ်ကို အမြန်ဆုံးလိုက်ခဲ့ပါ။ ညီမတို့ ပြဿနာကို ငပလီမှာ ဖြေရှင်းနိုင်လိမ့်မယ်လို့ ထင်ပါတယ်။

ညီမ နှင်းဝေ

ခေတ္တ

ငပလီ

ဖြစ်ပျက်ခဲ့ပြီးသော အကြောင်းအရာများနှင့် ယခု ဖတ်လိုက်ရသော စာကို ပေါင်းစပ်၍ ဖြေရှာပြီးသော အခါတွင် ကျော်ဇော‌ဦး၏ ခန့်တည်သော မျက်နှာကြီးသည် လငပုပ်ဖမ်းသည့်ကဲ့သို့ ဖြစ်သွားတော့သည်။

"ရည်းစား လူလုရင် အူနုကို ကျွဲခတ်တာထက်တောင် နာရတယ် ဆိုတာ ခင်ဗျားလည်း သိမှာပါ ကိုကျော်ဇော‌ဦး၊ ဒီတော့ ကျုပ် အသည်းနာနာနဲ့ လျှောက်ရမ်းလိုက်ရင် ခင်ဗျားတို့ရဲ့ မဟာအရုက်တော်ကြီး ဖြန်းဖြန်းကွဲသွားမှာ မြေကြီး လက်ခတ်မလွဲ ပဲဗျ။ အဟင်း ...ဒီတော့ ကျုပ်အနေနဲ့က အရှုံး

ထဲက အမြတ် ကလေးတော့ လိုချင်လှတာ မဆန်းပါဘူးဗျနော် . . ."

"ကောင်းပြီလေ . . . မင်းရဲ့ အပေးအယူကို ငါလက်ခံတယ်။ ခဏလေး . . ."

ကျော်ဇောဦးသည် စာရွက်ကလေးကို ခေါက်၍ အိတ်ထဲ ပြန်ထည့်နေသော လူရွယ်ကို တွေတွေကြီး ကြည့်နေရာမှ ဆတ်ခနဲ ထိုင်ရာမှ ထပြီး ကားဆီသို့ လျှောက်သွား၏။

သူ ပြန်လာသည့်အခါတွင်တော့ လက်ထဲတွင် အနက်ရောင်ဖိုင်ဘာ Document Bag တစ်လုံး ပါလာသည်။

"Cheque ယူမလား၊ Cash ယူမလား"

နေရာတွင် ပြန်ထိုင်ရင်း ကျော်ဇောဦးက မေးလိုက်သည်။

"အဟင်း . . . ဟင်း . . . Cash အကောင်းဆုံးပေါ့ဗျာ . . ."

ကျော်ဇောဦးသည် ဆတ်ခနဲ ခေါင်းညိတ်လိုက်ပြီး Document Bag ပြားပြားကလေး၏ ခလုတ်များကို နှိပ်ဖွင့်လိုက်သည်။

မကြာမီ အစိတ်တန် ငွေစက္ကူထပ်များက သေတ္တာကလေးထဲမှ ထွက်လာ၏။

"တစ်အုပ်မှာ တစ်ထောင်၊ ငါးအုပ်မှာ ငါးထောင်"

"ကျေးဇူးကမ္ဘာပဲ ကိုကျော်ဇောဦး၊ ရော့ . . . ဒီမှာ စာ"

ကျော်ဇောဦးသည် သူ့လက်ထဲသို့ စာ ရောက်ရှိလာသည်နှင့် တစ်ပြိုင်နက် သေတ္တာထဲသို့ ထည့်ပြီး ခလုတ်များကို ပိတ်လိုက်သည်။ ပြီးလျှင် နေရာမှ အလျင်အမြန် ထွက်ခဲ့၏။

စားသောက်ဆိုင်ရှေ့မှလည်း ကားကို ဝူးခနဲ မောင်းထွက်သွားခဲ့၏။

***

အနော်ရထာ လမ်းမကြီးပေါ်သို့ ကားရောက်ကာမှ သူ့ဦးနှောက်ထဲသို့ အသိဉာဏ်တစ်ခု လှစ်ခနဲ ဝင်ရောက်လာ၏။

သူ မောင်းနှင်နေသော ကား၏ အရှိန်လည်း သိသိသာသာကြီး လျှော့ကျသွားတော့သည်။

"နေစမ်းပါဦး။ ဒီနှင်းဝေဆိုတဲ့ မိန်းမ သက်ထွန်းဆီ ရေးတဲ့စာကို ဒီကောင်က ဘယ်လို ရလာတာလဲ။ ဟူး ...ငါကလည်း ထူပူနေတဲ့ ကောင်ဆိုတော့ ဒီအကွက်ကို ခုမှပဲ သတိရမိတော့တယ်။ မဖြစ်ဘူး။ မဖြစ်ဘူး။ ဒီကောင် လူလိမ်လား၊ လူညာလား"

ကျော်ဇောဦးသည် အတွေးလက်စကို ဖြတ်ကာ သုံးဆယ့်နှစ်လမ်းထဲသို့ ကားကို ချိုးကွေ့ကာ ဗိုလ်ချုပ်လမ်းဆီသို့ ဦးတည်လိုက်သည်။

ဗိုလ်ချုပ်လမ်းပေါ်ရှိ များပြားသော ကားများကို အလုအယက် ဖြတ်ကျော်ပြီး မင်းသမီး ကဖီးရှေ့သို့ ရောက်လာခဲ့ပြန်၏။

ကားကို စက်သတ်၍ ကားပေါ်မှ အလောသုံးဆယ် ဆင်းကာ သူတွေ့လိုသော လူကို ရှာဖွေနေသည်။

အချည်းနှီးပင်။

ထိုလူကဖြင့် ပျောက်ခြင်းမလှ ပျောက်နေလေပြီတည်း။

"တောက် ...နာတယ်ကွာ။ ငါကိုက အသုံးမကျတာ"

မြည်တွန်တောက်တီး ပြုရင်း သူသည် ကားပေါ်သို့ ပြန်တက်ခဲ့၊ မောင်း

ထွက်ခဲ့သည်။

ယခုအခါ သူ ဦးတည်၍ ကားကို မောင်းနှင်နေသည်က အင်းလျားလမ်းရှိ "ဇောတိကရိပ်ငြိမ်" ဆီသို့။

"အင်း . . . ဖြူ . . . ဖြူ တကယ့်ကောင်နဲ့မှ လာတွေ့မိရက်သား ဖြစ်နေပြီ။ ဒီကောင် ပျောက်သွား ကတည်းက ငိုလားရယ်လားနဲ့ ဖြစ်နေတာ။ အကြောင်းမှန် မသိသေးလို့။ တောက် . . . တောသား၊ အရေးပေးလို့ ရွှေရေး ပန်းကန်တက် လုပ်သွားတယ်။ တစ်နေ့တော့ တွေ့ကြသေးတာပေါ့ကွာ။ တွေ့ကြသေးတာပေါ့"

ကျော်ဇောဦးသည် အံကို တကျစ်ကျစ် မြည်အောင် ကြိတ်နေပြန်သည်။

ဆယ့်ငါးမိနစ်ခန့် အကြာတွင် သူသည် အင်းလျားလမ်းမကြီး ညာဘက်ဘေးရှိ ခြံဝင်းကျယ်ကြီး ရှေ့သို့ ရောက်ရှိလာသည်။

ကားကိုမြင်လျှင် ဝင်းစောင့်ကြီးသည် အပြေးအလွှား လာဖွင့်ပေးရှာ၏။

ကျော်ဇောဦးသည် ကားကို နှစ်ထပ်တိုက်ဝါကြီး၏ ဆင်ဝင်အောက်ဆီသို့ မောင်းနှင်လာပြီး ရပ်တန့် လိုက်သည်။

အိမ်မကြီး သံဆွဲတံခါးကို အသက် ဆယ့်လေးနှစ်ခန့်ရှိ ဆံထောက်ကလေးနှင့် မိန်းကလေးက သူ့အတွက် အသင့် ဖွင့်ပေးထားနေ၏။

ကျော်ဇောဦးသည် သုန်မှုန်သော မျက်နှာဖြင့် ကားပေါ်မှ ဆင်းသက်ကာ ကားတံခါးကို ဝုန်းခနဲ အသံ မြည်အောင် ဆောင့်ပိတ်ပစ်ခဲ့ပြီး သူ၏ အိပ်ခန်းဆီသို့ ခြေလှမ်းကျဲကြီးများဖြင့် လျှောက်နေ၏။

အိမ်ဖော်မကလေး မအေးသည် သူ့ကိုကိုကြီး၏ အမူအရာကို ကြည့်ကာ ပြူးကြောင်ကြောင်ကလေး ဖြစ်၍ နေသည်။

***

ကျော်ဇောဦး၏ ကားသံကို ကြားရ၍ တိုက်ကြီး၏ အပေါ်ထပ်ဆီသို့ မိန်းမပျိုကလေး တစ်ဦးသည်လည်း အိပ်ရာထက်မှ ဆတ်ခနဲ ထကာ အောက်ထပ်ဆီသို့ အပြေးကလေး ဆင်းလာသည်။ လှေကား တစ်ဆစ်ချိုးနေရာ အရောက်တွင် သူသည် ကျော်ဇောဦးကို တွေ့ရှိလိုက်ရသည်။

"ကိုကိုကျော် ခုနကပဲ အာချိ့ဆီက ဖုန်းလာတယ်။ ကိုကို သူ့ဆီမဝင်ဘဲ ဘယ်ထွက်သွားတာလဲတဲ့။ ပြီးတော့ ဒီနေ့ ခြောက်နာရီခွဲပွဲ အတွက် သမ္မတ ရုံကကား လက်မှတ်သုံးစောင် ဘွတ်ကင် လုပ်ထားတယ်တဲ့"

ဖြူဖြူနွဲ့နွဲ့နှင့် စွဲမက်ဖွယ်ရာ ရုပ်အဆင်းရှိသော မိန်းမပျိုကလေးက လှေကား လက်ရန်းကလေးကို ကိုင်ကာ ရှေ့ဆက်မဆင်းဘဲ သူ ပြောလိုရာကို ပြောလိုက်သည်။

ကျော်ဇောဦးသည် နှမဖြစ်သူကို တစ်ချက် လှည့်ကြည့်ပြီး . . .

"ကိုကိုကျော် ညနေ မအားဘူး ဖြူ၊ ဖြူနဲ့ အာချီပဲ သွားကြည့်ကြ . . ."

"ဟွန်း . . . ကိုကိုကျော်ကလည်း၊ မနေ့ကတော့ ကိုကိုကျော်ကပဲ ကြည့်ချင်လှရဲ့ဆို"

ခင်ဖြူဖြူဇောက နှုတ်ခမ်းကလေးကို စူကာ အလိုမကျဟန် ကလေးဖြင့် ပြောလိုက်သည်။

"ကိုကိုကျော်မှာ သိပ်အရေးကြီးတဲ့ ကိစ္စ ရှိနေလို့ပါကွာ"

"လုပ်ပြီ၊ ဘယ်အဆက်နဲ့ ကြားပေါက် ချိန်းလိုက်ပြန်တယ် မသိဘူး၊ နေ

နေ ...ကိုကိုကျော် မလိုက်လည်း ဖြူကတော့ သွားမှာပဲ"

ခင်ဖြူဖြူဇော်သည် ထဘီစကလေး တစ်ဖက်ကို မ,ကာ အပေါ်ထပ်ဆီသို့ အလိုမကျဟန်ဖြင့် ပြန်တက်သွား၏။

ကျော်ဇော်ဦးလည်း မိမိ၏အိပ်ခန်းရှိရာသို့ ဆက်လျှောက်ခဲ့သည်။

သူသည် အခန်းထဲသို့ ရောက်လျှင် စာကြည့်စားပွဲ၏ ဘေးအံကို သော့ဖွင့်ကာ အတွင်းမှ စာအိတ်တစ်လုံးကို ဆွဲထုတ်၍ ယူလိုက်သည်။ ပြီးလျှင် ထိုစာအိတ်အတွင်းမှ စာနှင့် စောစောက သူ ငွေငါးထောင်ဖြင့် အလဲအလှယ် လုပ်လိုက်သော စာကို တိုက်ကြည့်လိုက်သည်။

ဝိုင်းစက်လှပသော လက်ရေးချင်းက တူနေ၏။

အစ်ကိုထွန်း

နှင်းဝေကို စိတ်ဆိုးနေသလားဟင်၊ စိတ်မဆိုးပါနဲ့ အစ်ကိုရယ်၊ နှင်းဝေလေ နောင် ...အစ်ကို မကြိုက်တဲ့ အလုပ်မျိုး မလုပ်တော့ပါဘူး။ ကတိပေးပါတယ်၊ မနက်ဖြန် အားရင် အာရုံစီဘက် လာခဲ့ပါနော်၊ သုံးနာရီမှာ နှင်းဝေ မပြန်ဘဲ စောင့်နေမယ်၊ အစ်ကို့ကို ပြောစရာ ရှိလို့ပါ။

ညီမ နှင်းဝေ

သည်စာကို ဖတ်လိုက်ရပြန်တော့ ဟောင်းနွမ်းနေသော ခံစားချက်တို့သည် အသစ်တစ်ဖန် ပြန်လည် ဆန်းသစ်လာရပြန်၏။

ယောက်ဖ လုပ်သူကို နုပ်နုပ်စဉ်း◌ံ◌ံကိ◌ိ◌ိ◌ိ◌ြ◌ြး◌ူ◌ူ◌ျ◌ိ◌ြ◌ြး ပစ်ချင်စိတ်များ ရင်ထဲတွင် ဖြိုးပြည့်လာသည်။

"တောက် ...တောသား၊ မျက်နှာသာပေး ရွှေရေးပန်းကန် တက်တဲ့

ကောင် ယှဉ်ကြည့်စမ်း၊ ယှဉ်ကြည့်စမ်း၊ ဒင်းကောင်မနဲ့ ငါ့ညီမကို . . . တောက် . . . နာတယ်ကွာ။ ဒါတွေအားလုံး ခုလိုဖြစ်ရတာ ဒယ်ဒီကြောင့်၊ ဒီကောင့်ကို အရေးမပေးထိုက်ဘဲ . . . ဒယ်ဒီ အရေးပေးခဲ့လို့ ရွှံ့နွံ့ထဲက ကောင်ကို ဒယ်ဒီက ဆွဲပြီး ဇိကုပ် နတ်ပြည်တင်ပေးလို့ . . . အို . . . ဒီကောင် . . ."

ကျော်ဇောဦးတွင် သက်ထွန်းအပေါ် တင်စရာ အပြစ်တွေက တောင်လိုပုံနေပါတော့၏။

တစ်ချိန်က သက်ထွန်းနှင့်ပတ်သက်၍ အငြင်းအခုံ ဖြစ်လာတိုင်း သူသာလျှင် မှားသည်ဟု ဒယ်ဒီက ထောက်ထောက်ပြခဲ့သည်။ ထောက်ပြတိုင်းလည်း သူ့အမှားတွေချည်းသာ ဖြစ်ခဲ့ရပါ၏။

ယခု ဒယ်ဒီ မရှိတော့ပါ၊ ဒယ်ဒီ မရှိသည့် နောက်ပိုင်းမှ သက်ထွန်း လုပ်သမျှသည် သက်ထွန်း၏ အမှားချည်းသာ ဖြစ်နေပါ၏။ ယခုတော့ ဒယ်ဒီလည်း မရှိတော့၊ သည်အမှားတွေကို ဒယ်ဒီတစ်ယောက် မြင်မသွားရသည်မှာ နာလိုက်လေခြင်း။ တစ်ချိန်က စုစုစည်းစည်း ရှိနေမှုသည် ဒယ်ဒီကြောင့်၊ ဒယ်ဒီတစ်ယောက် ရှေ့က ခေါင်းခံနေ၍၊ ယခု ဒယ်ဒီ မရှိတော့ပြီမို့ ဇောတိကလည်း ဝါးစည်းပြေသကဲ့သို့ ဖြစ်ရပြီ။ အဆိုးဆုံးက ခင်ဖြူဖြူဇော . . . ညီမလေး ခင်ဖြူဖြူဇော၊ မျက်နှာများသည့် လင်ကြောင့် ဗျာများနေရပြီ မဟုတ်ပါလား . . .

"ဒီ . . . ဒီကောင် . . . အစကတည်းက ခင်ဖြူကို မေတ္တာရှိတာထက် ဇောတိကကို ကြီးစိုးချင်လို့ လက်ထပ်တာက များတယ်၊ သိင်္ဂီရွှေခွက်ကို အနူလက်နဲ့ နှိုက်ခွင့်ပေးတာ ဒယ်ဒီ . . . ဒယ်ဒီ . . . ခုအချိန်မှာ ထကြည့်စမ်းစေချင်တယ် ဒယ်ဒီရာ၊ တောက် . . . ဒီကောင် ဘယ်လောက် ရိုင်းစိုင်းတယ်ဆိုတာ ဒယ်ဒီကို မြင်စမ်းစေ့ချင်တယ်ဗျာ . . . ဟင်း . . . ဟင်း . . . ဟင်း . .

."

ကြိတ်မနိုင် ခဲမရ ဖြစ်လှပဟန်ဖြင့် လက်သီးနှစ်ဖက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ကာ ကျော်ဇောဦးသည် သူ့အခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန် လျှောက်နေပြန်၏။

***

## အခန်း(၃)

ခင်ဖြူဖြူဇော်သည် အစ်ကိုဖြစ်သူ၏ အခန်းတွင် ကာဆီးထားသော ကန့်လန့်ကာကို အသာ လက်ကလေးဖြင့် သိမ်းကာ အတွင်းသို့ ချောင်းကြည့်လိုက်သည်။ ဤတွင် ပြတင်းပေါက် တစ်ပေါက် အနီးတွင် ရပ်ကာ လက်သီးနှစ်ဖက် ကျစ်ကျစ်ပါရအောင် ဆုပ်၍ ဖားဖိုကြီး ထိုးနေသကဲ့သို့ တရှူးရှူးဖြစ်နေသော အစ်ကို ဖြစ်သူကို တွေ့ရ၏။

"ဟင် . . ."

စာရေးစားပွဲ ပေါ်တွင်လည်း လေတိုး၍ တဖျပ်ဖျပ် ဖြစ်နေသော စာရွက်နှစ်ရွက်ကိုလည်း သတိပြုမိ၏။

ခင်ဖြူဖြူဇော်သည် အခန်းတွင်းသို့ ဖြည်းညင်းစွာ ဝင်ကာ စားပွဲပေါ်က စာရွက်များကို ဖတ်ကြည့်လိုက် မိသည်။

"ဟင် . . . အဟင့် . . . ဟင့် . . . ဟင့် . . ."

"ဟင် . . . ဖြူ"

ရှိုက်ငိုသံကို ကြားရခါမှ အဝေးဆီသို့ စိတ်တွေ ပျံ့လွင့်နေသော ကျော်ဇောဦးသည် နောက်သို့ ချာခနဲ လှည့်ကြည့်ဖော် ရလာ၏။

"အဟင့် . . . ဟင့် . . . ဒီ . . . ဒီစာ ဘယ်က ရလာတာလဲ ကိုကိုကျော်"

ခင်ဖြူဖြူဇော်က တဟင့်ဟင့် ငိုရှိုက်ရင်း တဆတ်ဆတ် တုန်နေသော

လက်ချောင်းကလေးများဖြင့် စာရွက်ကို ကိုင်ရင်း မေးလိုက်ရှာသည်။

"ဒီနှင်းဝေဆိုတဲ့ ကောင်မရဲ့ ရည်းစားက ဒီစာကို ငွေငါးထောင်နဲ့ လာလဲသွားတာလေ"

"အို ...ငွေငါးထောင်နဲ့၊ ငွေငါးထောင်နဲ့ ...ဟုတ်လား"

"ဟုတ်တယ် ...ဖြူ"

"အို ..."

ခင်ဖြူဖြူဇော်၏ မျက်လုံးအိမ် နှစ်ဖက်မှ မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ကျလာ၏။

"ညီမလေး"

ကျော်ဇောဦးက နှမဖြစ်သူ၏ ပခုံးနှစ်ဖက်ကို နှစ်သိမ့်ဟန်ဖြင့် ကိုင်လိုက်၏။

"ညီမလေး ...ဒီလို အဖိုးမတန်တဲ့ လူတစ်ယောက်အတွက် ညီမလေးရဲ့ မျက်ရည်တွေ ဘာဖြစ်လို့ အကျခံနေရတာလဲ ဟင်။ ခုလို စောစောစီးစီး သူ့စရိုက် ပေါ်လာတာ ညီမလေး ကံကောင်းဖို့ မှတ်၊ ကိုကိုကျော့် ညီမလေး အရွယ်ကောင်းသေးတယ်။ ပြီးတော့ ငဲ့ကွက်စရာ သားသမီးလည်း ရှိသေးတာ မဟုတ်တော့ သူ့ကို ဘာဖြစ်လို့ မပြတ်နိုင်ရမှာလဲ။ မာန်မာန ထားစမ်းပါ ညီမလေးရယ်"

"ဖြူ ...ဖြူ ...အသည်း နာလွန်းလို့ပါ ကိုကိုကျော်ရယ်။ အစက ...အစက ...သူ ဖြူ့ကို တမင် မခံချင်အောင် အရွဲ့တိုက်နေတာ မှတ်တာ။ ခု ...ခုတော့ သူကိုက စိတ်ပါလို့။ အို ...ဖြူ ...ဖြူ ရှက်တယ်၊ သိပ်ရှက်တယ်။ သူတို့နှစ်ယောက်ကို တွေ့ရာသင်္ချိုင်း ဓားမဆိုင်းဘဲ သတ်ပစ်ချင်တယ်"

"ဟာ . . . ဒါဆိုရင် ညီမလေး မှားသွားမှာပေ့ါ။ သိပ်ကို မှားသွားမှာပေ့ါ။ တန်ဖိုးမရှိတဲ့ လူအတွက် ရုံးပြင်ကနား အရောက်ခံပြီး ညီမလေး ထောင်ကျခံမတဲ့လား။ မဟုတ်တာကွာ"

ခင်ဖြူဖြူဇော်သည် အစ်ကိုဖြစ်သူ၏ မျက်နှာကို အတန်ကြာအောင် မျက်လုံးနီနီများဖြင့် ကြည့်နေပြီး နောက်မှ "ဟင့် . . ." ခနဲ တစ်ချက် ရှိုက်သံပြုကာ နေရာမှ ချာခနဲ လှည့်ပြေးထွက် သွားတော့၏။

"ညီမလေး . . . ဖြူ . . . ဖြူ"

အိမ်ပေါ်ထပ်ဆီသို့ ငိုရှိုက်ရင်း ပြေးတက်သွားသော ညီမဖြစ်သူကို လိုက်ကြည့်နေမိသော ကျော်ဇော်ဦး သည် လှေကားထိပ်သို့ ရောက်လျှင် ခြေလှမ်းများ တန့်ကာ သက်မကြီး တစ်ချက် ချလိုက်သည်။

ဦးခေါင်းကိုလည်း လေးတွဲ့စွာ ယမ်းခါနေ၏။

***

ခင်ဖြူဖြူဇော်သည် သူနှင့် သက်ထွန်း၏ ခန့်ညားထည်ဝါသော အိပ်ခန်းကြီးထဲရှိ နှစ်ယောက်အိပ် ခုတင်ကြီးပေါ်တွင် သူ့ကိုယ်ကို ပစ်လှဲကာ စိတ်ရှိလက်ရှိ ငိုပစ်လိုက်၏။

ငိုရင်းက ဆတ်ခနဲ လူးလဲထကာ နှစ်ယောက်အိပ် ခုတင်ပေါ်မှ သက်ထွန်း၏ ခေါင်းအုံးများနှင့် စောင်များကို ယူ၍ စိတ်လိုက်မာန်ပါ ကြမ်းပေါ်သို့ ပစ်ပေါက်ချနေ၏။ ထိုမျှနှင့် မကျေနပ်သေးဟန်ဖြင့် ခုတင် နံဘေးရှိ

စားပွဲပေါ်တွင် ထောက်မှန်ပေါင်ကြီးဖြင့် ထည့်၍ တင်ထားသော သူနှင့် သက်ထွန်း၏ မင်္ဂလာဓာတ်ပုံ ကို ပစ်ပေါက်လိုက်ပြန်၏။ အုတ်ထရံဖြင့် မှန်ပေါင်ထိကာ "ဂွမ်"ခနဲ ကွဲရှသံများ ပေါ်ထွက်လာ၏။

"ဟင်း . . . မှတ်ထား . . . မှတ်ထား။ ရှင့်ကို မကျေဘူး မှတ် . . . မကျေဘူး"

"အို . . . ဟင် . . . ဖြူ၊ ဘာ . . . ဘာဖြစ်နေတာလဲဟင် သမီး"

ငယ်စဉ်ကတည်းက သူတို့ မောင်နှမကို ထိန်းကျောင်းလာခဲ့သော ဒေါ်မြခင်သည် ကွဲရှသံများကြောင့် အပေါ်သို့ ပြေးတက်လာရာ မမျှော်လင့်သော အခြင်းအရာများကို တွေ့လိုက်ရပေ၏။

"ဖြူ . . . အို . . . အို . . . ဒါ ဘာလုပ်ဦးမလို့လဲ သမီးရယ်"

"မုန်းတယ်၊ သူ့ကို မုန်းတယ်။ သူ့ပစ္စည်းတွေကို ဖျက်ဆီးပစ်မယ်။ ဖယ် . . . ဖယ် . . . ကြီးကြီးမြ။ ဖြူ့ကို မဆွဲနဲ့"

"အို . . . မဟုတ်တာ သမီးရယ်။ စိတ်လျှော့စမ်းပါ။ သမီးကလေ ကလေးဆိုးကြီး ကျနေတာပဲ။ မောင်သက်ထွန်း ပြန်မလာတော့မှာ ကျနေတာပဲ။ ခါတိုင်းလည်း သူ ဒီလိုပဲ တစ်ရက်၊ နှစ်ရက် သွားနေကျ မဟုတ်လားလို့"

ဒေါ်မြခင်က ဒေါသူပုန်ထနေသော ခင်ဖြူဖြူဇော်ကို နှစ်သိမ့်ပွေ့ဖက်ကာ ထိန်းချုပ်နေ၏။

"လာလိမ့်မယ် . . . လာလိမ့်မယ် . . . အားကြီးကြီး။ ကြီးကြီးမြ . . . သူက ဟိုကောင်မနောက် လိုက်သွားပြီရှင့်၊ သူတို့ . . . သူတို့ ခိုးပြေးသွားကြပြီရှင့်"

"ဟင်"

"ဟင့် . . . ဟင်း . . . ဟင်း။ ဒီကောင်လေးက အောက်ခြေက တက်လာ

တာ၊ ရိုးရိုးသားသား ကလေးပါဆို။ ဟွန်း . . . ဟွန်း၊ ခုတော့ ဟုတ်ပေ့ ဖြစ်သွားပြီ မှတ်လား"

ဒေါ်မြခင်မှာ ဘာပြောရမှန်း မသိအောင် ဖြူဖြူဇော၏ မျက်နှာကိုသာ ကြက်သေ သေ၍ ကြည့်နေတော့၏။

"တော်ပြီ . . . ဒီအခန်းမှာ ဖြူ မနေတော့ဘူး။ ဒီအခန်းကို အသေပိတ်ထားလိုက် ကြီးကြီး။ ခင်ဖြူ့ကို ခု အခန်းပြောင်းပေး . . ."

"သမီး . . . ဘယ်အခန်းမှာ နေချင်လဲ"

"အပေါ်ထပ်မှာလည်း မနေဘူး။ အောက်ထပ်က ဒယ်ဒီ့အခန်းမှာ သွားနေမယ်"

"အေးအေး . . . ကြီးကြီးမြ ခု သွားပြင်လိုက်မယ်နော် သမီး၊ သွား . . . သွား . . . အောက်မှာ သွားနေ။ ကြီးကြီး သမီးပစ္စည်းတွေပါ တစ်ပါတည်း ထွေးမြင့်ကို ခေါ်ပြီး ပြောင်းပေးမယ်"

ဒေါ်မြခင်သည် သုတ်သီးသုတ်ပျာဖြင့် အိမ်ပေါ်ထပ်မှ ဆင်းသွား၏။

ခင်ဖြူဖြူဇောလည်း သူနှင့် သက်ထွန်းတို့၏ နှစ်ယောက်အိပ် ခုတင်ကြီးကို နာကြည်း မုန်းတီးလှစွာ တစ်ချက် ကြည့်ပြီးနောက် ထိုအိပ်ခန်းအတွင်းမှ ချာခနဲ ထွက်ခဲ့၏။

လသာဆောင်ဆီသို့ ရောက်လျှင် အသင့် ခင်းထားသော ကင့်မကော့ပေါ်တွင် လှဲချလိုက်၏။ သူ့မြင်ကွင်း ရှေ့တွင် အပွင့်တွေ ဖွေးဖွေးလှုပ်အောင် ပွင့်နေသော ပုန်းညက်ပင်ကြီးက ရှိနေ၏။

ခင်ဖြူဖြူဇောသည် ပုန်းညက်ပင်ကြီးဆီသို့ ပထမတွင် အဓိပ္ပာယ်မရှိ ကြည့်နေမိသော်လည်း အချိန် အတန်ငယ် ကြာလာလျှင်တော့ တစ်ချိန်က သူ့အကြိုက် ပန်းတွေကို တစ်ပွေ့တစ်ပိုက်ကြီး ခူးကာ မော်ဘီ မွေးမြူရေးခြံမှ

စောင့်ကြိုနေတတ်သော သက်ထွန်း၏ မျက်နှာကို တရေးရေး မြင်ယောင်၍ လာမိ၏။

ဩော် ... ကိုသက်ထွန်း ... ကိုသက်ထွန်း ... ရှင်ဟာ ဖေဖေက ဇိကုပ်ပြီး နတ်ပြည် တင်ပေးတာတောင် မြင့်တယ် ဆိုပြီး နွံထဲ ပြန်ဆင်းတဲ့ ကျွဲပဲ ... ဟုတ်တယ် ရှင် ... ကျွဲ ... နွံထဲမှာ ပျော်တဲ့ ကျွဲ၊ နံ့သာဆီထက် နွားချေး၊ ကျွဲချေးကို မင်တဲ့ လူ့အန္ဓ ... လူ့ငတုံး။ ဟင်း ... ဟိုတုန်းက ဖေဖေရှိနေလို့။ ခုတော့ ဇောတိကနဲ့ ပတ်သက်ပြီး တစ်ပြားတစ်ချပ်မှ ရပါလိမ့်မယ် အားကြီးကြီး။ သိရောပေ့၊ ရှင် ... မက်မောလှပါတယ် ဆိုတဲ့ နွားခြံကြီးကို ရောင်းကိုပစ်မယ်။ ကိုကိုကျော် ဆန္ဒတွေကို ငါ ဒီတစ်ခါတော့ ဖျက်ကို မဖျက်တော့ဘူး"

ခင်ဖြူဖြူဇော၏ ရင်သည် မကျေနပ်ချက်တွေဖြင့် လှိုင်းထ၍ လာပြန်၏။

"ခင်ဖြူ ..."

ခင်ဖြူဖြူဇောသည် တံခါးပေါက်ဘက်သို့ ချာခနဲ လှည့်ကြည့်လာ၏။

ဖန်ခွက်တစ်ခွက်ကို ကိုင်၍ သူ့ထံသို့ ချဉ်းကပ်လာနေသော ဒေါ်မြခင်ကို တွေ့ရ၏။

"ရော့ သမီး ... ရင်ကလေး အေးသွားအောင် ဂလူးကို့စ်နဲ့ ဖျော်ထားတဲ့ သံပရာရည်ကလေး သောက်လိုက်နော်။ ခုလေ ကြီးကြီးမြ ... မောင်ထွေးမြင့်ကို ခေါ်ပြီး အောက်ထပ်ခန်းကို ရှင်းလင်းနေပြီ"

ခင်ဖြူဖြူဇောက ဖန်ခွက်ကို လှမ်းယူပြီး လေးထောင့်စပ်စပ် ရေခဲတုံးကလေးများ ပေါလောပေါ်နေသော သံပရာရည်ခွက်မှ တစ်ကျိုက်နှစ်ကျိုက် သောက်လိုက်ပါသည်။

"ကိုကိုကျော်ကော"

"အပြင်ထွက်ဦးမလို့နဲ့ တူတယ်၊ ခုနက မောင်အာချီ ဖုန်းဆက်တာ ကြားတယ်"

"ဩော် . . . ဩော် . . . ဒါဖြင့် ကြီးကြီးမြ သွားတော့ . . ."

"အေးလေ . . . လိုတာရှိ အော်ခေါ်လိုက်နော်"

ခင်ဖြူဖြူဇော်က ဦးခေါင်းလေးကိုသာ ဆတ်ခနဲ ညိတ်ပြလိုက်သည်။

ဒေါ်မြခင် စီမံလာသော သံပရာရည်သည် ခင်ဖြူဖြူဇော်၏ ရင်တွင် တဒင်္ဂတော့ အေးမြခြင်းကို ဖြစ်စေ၏။ သူသည် သံပရာရည်ကို တစိမ့်စိမ့် သောက်ရင်း မဝေးလှသော နေရာတွင် ပေါက်နေသည့် ပုန်းညက်ပင်ကြီးကို အငေးသား ကြည့်၍ နေပေ၏။ ဤသို့ ငေးမောနေရင်းကပင် အတိတ်ကာလ ဖြစ်စဉ်ကလေးများကို မြင်ယောင်၍ လာမိပေ၏။

***

# အခန်း(၄)

ဇော်တိက ပိုးထည်စက်ရုံ ပိုင်ရှင်ကြီး ဦးဝင်းနှင့်ဇနီး ဒေါ်ခင်နွဲ့ဖြူတို့တွင် တစ်ယောက်ဆို ဆိုသလောက် အချောအလှတွင် ခေါင်ကျူး၍ အလိမ္မာတွင် လက်ဖျားခါရလောက်သော သမီးကလေး ခင်ခင်ဖြူ ဆိုသူကလေး တစ်ဦးသာ ရှိ၏။

ခင်ခင်ဖြူသည် မိဘက စားမကုန်၊ သောက်မကုန်အောင် ကြွယ်ဝချမ်းသာသော်လည်း မာန်မာနဟူ၍ တစိုးတစိမျှ မရှိဘဲ အယုတ်၊ အလတ်၊ အမြတ် မရွေးနှင့် ပေါင်းသင်းဆက်ဆံရေး ပြေပြစ်လှ၏။ သူ့ကို လူချစ် လူခင် ပေါများလှ၏။ ပညာအရာတွင်လည်း သူကလေးသည် ဘီကွမ်းဒီဂရီကို အောင်မြင်စွာ ဆွတ်ခူးထားသူ ဖြစ်ပေ၏။

ပညာရင်နို့ သောက်စို့နေ ကတည်းက ဖခင်၏ အထည်စက်ရုံ၏ စာရင်းအင်း မှန်သမျှကို ပိုင်းဝန်း ထိန်းသိမ်းပေးနေရသဖြင့် ခင်ခင်ဖြူ ကလေးသည် အစစအရာရာ မျက်နှာလွှဲရသော ဖခင်၏ လူယုံတော် စက်ရုံ မန်နေဂျာကလေး ကျော်ဇောနှင့် အိုးချင်းထား အိုးချင်းထိ၊ ကြိုးချင်းထား ကြိုးချင်းငြိခဲ့ပေ၏။

ကျော်ဇောသည် ရရစားစား စက်ရုံ ညဏ အလုပ်သမားတစ်ဦး၏ သားပင် ဖြစ်သော်ငြားလည်း တတ်သိ လိမ္မာမှု၊ စာရိတ္တ ကောင်းမှုတို့တွင် သူမတူ

အောင် ရှိလှသဖြင့် သူဌေးကြီး ဦးဝင်းနှင့်ဇနီး ဒေါ်ခင်နွဲ့ဖြူ တို့သည် မိမိတို့ သမီးနှင့် လူငယ်ချင်းကိစ္စ ဖြစ်နေသည်ကို မသိကျိုးကျွံ ပြု၍နေ၏။

ခင်ဖြူတစ်ယောက် ဘွဲ့ရပြီးသည့် နှစ်တွင်တော့ ဝါကျွတ်သည်နှင့် တစ်ပြိုင်နက် လူငယ်နှစ်ဦးကို မိသားဘသားပီပီ လက်ထပ်ထိမ်းမြားပေး ကာ အရည်အချင်း အပြည့်အဝ ရှိသော သမီးနှင့် သမက်ကို အထည် စက်ရုံ ကြီးကိုပါ လွှဲပြောင်းပေးလိုက်တော့သည်။

အဘိုးကြီး အဘွားကြီး နှစ်ဦး ငြိမ်းအေးချမ်းသာစွာ အလို့ငှာ တရား အားထုတ်နေစဉ် အတွင်း ခင်ဖြူဖြူနှင့် ကျော်ဇောတွင် သားဦးကလေး ကျော်ဇောဦးကို ဖွားခဲ့သည်။ တစ်ဖန် နှစ်နှစ်မျှသော အချိန်ကာလ အကွာ တွင် သမီးငယ် ခင်ဖြူဖြူဇော ကလေးကို ထပ်မံ ရရှိကြပြန်သည်။

ခင်ဖြူဖြူဇောကလေး မတ်တတ်ပြေးသည့် အရွယ်လောက်တွင် အဘိုး ဖြစ်သူ ဦးဝင်း ဆုံးသွားခဲ့၏။ နောက်တစ်ခါ သူကလေး ကျောင်းစတက်သ ည့် နှစ်တွင် ဘွားအေကြီး ဒေါ်ခင်နွဲ့ဖြူ ဆုံးပါးခဲ့ပြန်သည်။

မိဘနှစ်ပါး ဆုံးပါးသွားပြီး ကတည်းက ဒေါ်ခင်ဖြူဖြူ တစ်ယောက်လည်း စိတ်ဓာတ်ပြိုကွဲ ထိခိုက်ကာ တပိန်ပိန် တလိန်လိန်၊ တရောင်ရောင် ဖြစ်၍လာသည်။

ဦးကျော်ဇောမှာ ချစ်ဇနီးအတွက် တစ်ရက်မျှ စိတ်မအေးနိုင်ဘဲ ရှိနေရပေ သည်။

တစ်နေ့တွင် သူ မျှော်လင့်မထားသူ တစ်ဦးသည် သူ့ထံသို့ အဖိုးအခိုင်လှ သော ရွှေငှက်ပျောခိုင်ကြီးကို မ,ကာ ရောက်ရှိ၍ လာသည်။

"ဟင် ...အစ်ကိုမှိုင်း ..."

"အေးလကွာ ... ငမှိုင်းရယ်ပေ့ါ၊ တကတဲကွာ၊ မင်းကို တွေ့ဖို့ကလည်း

မလွယ်လိုက်တာ၊ ဝင်းဝက ကောင်က စစ်ဆေးလှချည့်လားကွ"

"ဟင်း ...ဟင်း ...ဟင်း ...တစ်နေ့တစ်နေ့ အလုပ်လိုချင်လို့ လာတဲ့လူတွေ မနည်းလို့ စစ်ဆေး မေးမြန်းပြီး တွေ့သင့်မှ တွေ့နေရတယ် အစ်ကိုမှိုင်းရဲ့ ကဲ ...ကဲ ...လက်ထဲက ငှက်ပျောဖီးကြီး ချပါဦး၊ လေးလှရော့မယ်၊ ဒါနဲ့ အဘရွှေကော၊ နေကောင်းရဲ့မှတ်လား"

"ဟ ...အဘ ဆုံးပြီလေကွာ"

"ဟင် ..."

"ဟုတ်တယ် ငကျော်ရေ ...အဘ ဆုံးတာ အခါလည်တောင် ရှိသွားပြီ"

ကိုညိုမှိုင်းသည် သူ့နဖူးပေါ်တွင် စို့ထွက်နေသော ချွေးသီးပေါက်များကို သူ့ခေါင်းတွင် ရစ်ပေါင်းထားသည့် ညစ်ထေးထေး တဘက်ကို ဖြုတ်ကာ အားရပါးရ ပွတ်သုတ်နေ၏။

"ကျွန်တော်တောင် မသိလိုက်ဘူးဗျာ ...စိတ်မကောင်းလိုက်တာ။ အဘရွှေက ဘာရောဂါနဲ့ ဆုံးတာလဲ"

"လူကြီးရောဂါပေါ့ကွာ ...အသက်ကလည်း ငယ်မှ မငယ်တော့တာ၊ မှည့်ကြွေ ကြွေတယ်ပဲ ပြောရမှာပေါ့။ အဘက ဆုံးခါနီး မင်းဆီရောက်အောင် တစ်နေ့တော့ သွားဖြစ်အောင် သွားပါဆိုလို့ ငါလည်း ခုမှ ထွက်လာခဲ့တာပဲ ..."

"အစ်ကိုမှိုင်းလာတာ ကျွန်တော် သိပ်ဝမ်းသာပါတယ်။ ကိုယ့်ရပ်ဆွေရပ်မျိုး တွေကို မြင်ချင်နေတာ ကြာပြီ၊ စီးပွားရေး လုံးပန်းရတာ တစ်ဖက်၊ မဖြူ မမာတာ တစ်ဖက်နဲ့ ဘယ်မှ မသွားအားဘူး အစ်ကိုမှိုင်းရယ်၊ ရောက်တုန်း အေးအေးဆေးဆေး နေပြီးမှ ပြန်ပါ"

"ဟကောင်ရ . . . ငါ အနားယူဖို့ လာတာ မဟုတ်ဘူး၊ မင်းဆီက

အကူအညီ တောင်းချင်လို့ ငကျော်ရဲ့"

"ကျွန်ေတာ် ဘာကူညီရမလဲ ပြောလေ ...အစ်ကိုမှိုင်း"

"အေး ...ခရီးရောက် မဆိုက်ဘဲ ပြောရတော့မှာပဲကွာ။ တောင်ပေါ်မှာ ခုတလော အခြေအနေ သိပ်မကောင်းလှဘူးကွ။ သောင်းကျန်းတွေ ရန်ပဲ ကြောက်နေရတယ်"

"အဲဒီတော့"

"ငါလည်း ...ငါ့အပေါင်းအသင်း ကလေးတွေနဲ့ မော်ဘီဘက်မှာ နေရာ ရှာပြီး မွေးမြူရေး လုပ်ချင်တယ်ကွာ။ အဲဒါ ငါ့ကို မင်း ကူညီပါ ငကျော် .. ."

"ဟာ ...ကောင်းတာပေါ့ အစ်ကိုမှိုင်း ...ကျွန်တော်လည်း မွေးမြူရေး တော့ ဝါသနာ ပါတယ်၊ ဒီလို လုပ်လေ၊ အစ်ကိုမှိုင်း ကြိုက်တဲ့ နေရာ တွေ့ ရင် လာပြော၊ ကျွန်တော် အားလုံး အဆင်ပြေဖို့ တာဝန်ယူတယ်"

"ဟေး ...တကယ်လား ငကျော်ရ ..."

တစ်ဖက်လူမှာ အားရဝမ်းသာကြီး ဖြစ်၍လာ၏။

"ဟာ ...ကိုမှိုင်းကလည်း ...ဒါ နောက်စရာမှ မဟုတ်တာဘဲ"

"ဟေး ...ဟေး ...ဟေး ဝမ်းသာတယ်ကွာ၊ ငါ သိပ်ဝမ်းသာတာပဲ၊ ဟေး ...ဟေး ...ဟေး"

ညှေ့သည်မှာ တဟေးဟေးနှင့် ဝမ်းသာမဆုံး ဖြစ်နေ၏။

"တီ ...တီ"

"ဟော ...သားတို့ သမီးတို့တောင် ကျောင်းက ပြန်လာကြပြီ"

အိမ်ဖော်မကလေးက အပြေးကလေး တံခါးဖွင့်ပေးလိုက်လျှင် . . . ဘောင်းဘီရှည် အင်္ကျီလက်ရှည် အဖြူကို ဝတ်ဆင်ထားသော ဆယ့်ငါးနှစ်

အရွယ် ဝဝတုတ်တုတ် ကောင်လေးတစ်ယောက်နှင့် ဂါဝန်တိုကလေး ကို ဝတ်ဆင်ကာ လွယ်အိတ်ကလေးကို လွှပ်ကစားလာသော မိန်းကလေးတစ် ဦးတို့ ဧည့်ခန်းထဲ ရောက်ရှိလာ ကြ၏။

"အစ်ကိုမှိုင်း၊ ဒါ . . . ကျွန်တော့်သားကြီး ကျော်ဇောဦးနဲ့ သမီးငယ် ခင်ဖြူ ဖြူဇောလေ"

"အဟေး ဟေး . . . အတော်တောင် ကြီးနေပါပကောလား။ အတော်ပဲ ဟေ့၊ ငါ့တူမတွေ တူတွေ စားဖို့ ဦးလေး ငှက်ပျောခိုင် ယူလာတယ်ကွ"

ကောင်ကလေးက ငှက်ပျောခိုင်ကို တစ်လှည့်၊ နွမ်းပါးသော တောသား ကြီးကို တစ်လှည့်ကြည့်ကာ အထင်သေးလှဟန်ဖြင့် နှာခေါင်းရှုံ့လိုက်၏။

ကောင်မလေးကတော့ . . . "ဟွန်း ငှက်ပျောသီးများ မကြိုက်ပေါင်၊ ဖြူတို့ က ဒါတွေ မစားဘူး၊ Apple တို့၊ Grape တို့၊ Orange တို့မှ စားတာ"

"ဟေ . . . အယ်"

ကိုညိုမှိုင်းခမျာ မျက်လုံးကြီးများ ပြူးကာ ပါးစပ်ပြဲသွားရှာ၏။

ဦးကျော်ဇော ခမျာမှာတော့ မျက်စိမျက်နှာ ပျက်ကာ အလောသုံးဆယ် တောင်းပန်လိုက်ရှာသည်။

"သမီး . . . ဒီလို မပြောရဘူး။ ရိုင်းတယ်လို့ ခေါ်တယ်။ ဒီဦးလေးက တခြားမဟုတ်ဘူး။ ဒယ်ဒီရဲ့ အစ်ကို တစ်ယောက်ပဲ"

"ဟွန်း . . . ဒယ်ဒီမှာ ဒီလို တောသားကြီး တစ်ယောက် အစ်ကိုရှိတယ် ဆို တာ မကြားမိပါဘူး"

ခင်ဖြူဖြူဇောမှာ ပြောလေကဲလေ ဖြစ်နေ၏။

"သွားစမ်း ခင်ဖြူ၊ ဆုံးမနေတဲ့ ကြားက ဒယ်ဒီ ထရိုက်မိလိမ့်မယ်"

"နေပါစေကွာ . . .ကလေးတွေ ပြောတတ်သလို ပြောတာ ငါ ဗွေမယူပါ

ဘူး။ ဟုတ်တော့လည်း ဟုတ်တာပဲ။ တို့အဆင့်အတန်း တို့လို လူတန်းစားနဲ့ မင်းတို့ အဆင့်အတန်းက ကွာမှကွာကိုးကွ . . ."

"မဟုတ်ဘူး . . . အစ်ကိုမှိုင်း . . . မဟုတ်ဘူး။ ဒီကလေးတွေကို အဘိုးအဘွားက အလိုလိုက်။ အမေက အလိုလိုက်နဲ့ ထိန်းမရအောင် ဖြစ်နေတာ၊ လူမမာကို ငဲ့နေရတာနဲ့ သူတို့ကို ကျွန်တော်လည်း ဆုံးမပဲ့ပြင် ချင်သလောက် မပဲ့ပြင်နိုင်ဘဲ ရှိနေတယ်။ ကဲ . . . ကဲ အစ်ကိုမှိုင်းလည်း ပင်ပန်းလာရော့မယ်။ ရေမိုးချိုးပြီး တစ်ခုခု စားကြရအောင်လေ"

"ဟေ အေး . . . ငါ ခုပြန်မှာ ငကျော်ရ"

"ဟာ . . . မြန်လှချည့်လား။ မဟုတ်သေးပါဘူး။ ရောက်မှတော့ တစ်ရက် စ နှစ်ရက်စ နေသွားဦးမှပေါ့"

"ဟော့ အေး . . . ငါ မှော်ဘီ သဲဖြူရွာကို သွားစရာ ရှိတယ်ကွ။ အဲဒီမယ် ငါ မွေးမြူရေးအတွက် နေရာ တွေ့ထားပြီးပြီ။ ဈေးစကား ပြန်စုံစမ်းချင်သေး လို့။ သန်ဘက်ခါမှ ငါပြန်လာမယ်ကွာ၊ နော် . . . နော်လို့"

"အင်းလေ . . . ဒါဖြင့်လည်း သွားပေါ့၊ နေရာကောင်းဖို့သာ အရေးကြီးပါ တယ်။ ဈေးအကြောင်း မဟုတ်ပါဘူး အစ်ကိုမှိုင်း"

"အေးကွာ . . . ငါ သိပ်ဝမ်းသာတယ်။ မင်းဆီက ဒီစကားမျိုး ကြားမှ ကြားရပ့ါမလားလို့"

"ကိုယ့်ရပ်ဆွေ ရပ်မျိုးတွေပဲဗျာ။ ကျွန်တော် ဘယ်ပစ်ထားပ့ါမလဲ"

"အေး . . . ငါသွားမယ်ဟော့၊ သန်ဘက်ခါ ငါဒီကိုပဲ လာရမှာလား။ စက်ရုံ ကိုလား"

"အိမ်ပဲ လာခဲ့ပါ။ အော် . . . အစ်ကိုမှိုင်း ခဏနေဦး"

"ဘာလုပ်မလို့လဲ"

"ခရီးစရိတ်"

"ဟ ...နေကွ ...ခရီးစရိတ် လောက်ကတော့ ငါ့မှာပါတယ်။ သွားမယ်ဟေ့"

ကိုညိုမှိုင်းသည် ပြောပြောဆိုဆို နေရာမှ ထထွက်သွား၏။

ဦးကျော်ဇောသည် ကိုညိုမှိုင်းကို ခြံဝင်းဝအထိ လိုက်လံ ပို့ဆောင်နှုတ်ဆက်ခဲ့ပြီး၊ ခြေလှမ်းသွက်သွက် ဖြင့် အိမ်ဆီသို့ ပြန်လျှောက်လာ၏။

သားနှင့် သမီးသည် ဧည့်ခန်းထဲတွင် ရှိမနေကြတော့ပေ။

ဦးကျော်ဇောသည် ဇနီးသည်ရှိရာ အပေါ်ထပ် အိပ်ခန်းသို့ ခြေလှမ်းကျဲကြီးများဖြင့် ဆက်တက်ခဲ့သည်။

သူ တွေးထင်သည့်အတိုင်း သား ကျော်ဇောဦးနှင့် သမီးငယ် ခင်ဖြူဖြူဇောတို့သည် ဒေါ်ခင်ဖြူဖြူ၏ ခုတင်စွန်း တစ်ဖက်တစ်ချက်စီတွင် ထိုင်ကာ လိမ္မော်ရည် တစ်ဖန်ခွက်စီကို အားရပါးရ သောက်၍ နေကြ၏။

"ကိုကျော် ...ခုနက ဘယ်က ဧည့်သည်လာတာလဲ။ ကိုကျော် အစ်ကိုဆို၊ မဖြူလည်း မသိဖူးပါလား"

ဒေါ်ခင်ခင်ဖြူက ဦးကျော်ဇောကို တွေ့တွေ့ချင်း လှမ်းမေးလိုက်ပါသည်။

"အစ်ကိုအရင်း မဟုတ်ပါဘူး မဖြူ။ ရပ်ဆွေရပ်မျိုးပါ၊ ကိုကျော်တို့ ပဲခူးရိုးမက ရွာကို စစ်ပြေးတုန်းက ကျွေးမွေးပြုစုထားတဲ့ ကျေးဇူးရှင်တွေပါ"

"ဩော်"

"မဖြူရဲ့ သားနဲ့သမီးက သိပ်ရိုင်းတာပဲ"

"ဟင် ...ကလေးတွေက ဘာလုပ်ပြန်လို့လဲ ကိုကျော်"

"ဟိုက စေတနာနဲ့ စားဖို့ တကူးတက သယ်ပိုးလာတဲ့ ငှက်ပျောခိုင်ကို ကြည့်ပြီး တစ်ယောက်က နှာခေါင်းရှုံ့တယ်။ ခင်ဗျားသမီးက အပေါ်စားပစ္စည်း

မစားဘူးလေး ဘာလေးနဲ့ ဒါ . . . ကောင်းသလား"

"ဟုတ်သားပဲ။ ကလေးတွေက ငှက်ပျောသီးများ ဘယ်တုံးက မက် မက်မောမော စားဖူးလို့လဲ ကိုကျော်ရယ်"

"ခက်တယ်ကွာ . . . ခက်တယ်၊ မဖြူ တစ်ယောက်လည်း ဟိုတစ်ချိန်တုန်းက လိမ္မာရေးခြား ရှိသလောက်၊ အသိကြွယ်သလောက်၊ အမြော်အမြင် ဆင်ခြင်ဉာဏ်ကြီးသလောက်၊ ခုတော့ သားသမီး ယုံလို့ စုံလုံးကန်း ဆိုတာမျိုး ဖြစ်နေပြီ။ ကလေးတွေရဲ့ စိတ်ဓာတ်ကို နုစဉ်ကတည်းက ပုံသွင်းရမယ် မဖြူ၊ ဒါကို ကိုကျော် ပြောတာလည်း ထပ်တလဲလဲ ရှိနေပါပြီ။ ကလေးတွေ ဆက်ဆံရေး မပြေပြစ်တာ လူတန်းစား အမြင် ရှိတာ၊ တစ်နေ့ထဲ တစ်ရက်ထဲ တစ်လထဲနဲ့ ဖြစ်လာတာ မဟုတ်ဘူး"

"တော်ပါ ကိုကျော်ရယ်၊ ဒီမှာ နေလို့ထိုင်လို့ မကောင်းရတဲ့အထဲ ရှင်ကလည်း တစ်နေ့လာ ဒီကလေးတွေပဲ အပြစ်ဖို့နေတာပဲ။ ပေါက်ဖွား ကြီးပြင်းလာတဲ့ အသိုင်းအဝိုင်း အလိုက် သူတို့ စိတ်ဓာတ်ရှိနေတာ အပြစ်လားရှင်၊ မဖြူ သားသမီးတွေက အဆင့်အတန်းနဲ့ မွေးဖွား ကြီးပြင်းလာတာရှင့်"

"တော်ပြီကွာ . . ."

ဦးကျော်ဇောသည် လူမမာတစ်ပိုင်း ဖြစ်နေသော ဇနီးသည်ကို ထောင်းခနဲ ဒေါသဖြစ်သွားမိသော်လည်း သူ့စိတ်ကို ချုပ်တည်းကာ အခန်းတွင်းမှ ချာခနဲ လှည့်ထွက်သွား၏။

"ကိုကျော်"

ဇနီးသည် ခေါ်သံကြောင့် ဦးကျော်ဇောသည် နောက်သို့ သမင်လည်ပြန် ပြန်ကြည့်လိုက်၏။

"ဘာလဲ"

"ဟိုလူက ဘာလာလုပ်တာလဲ။ အတောင်းအရမ်း လာတာဆိုလည်း သိပ်မလိုက်လျောနဲ့နော်။ ကိုယ့်မှာက သားသမီးတွေ ရှေ့ဆုံးက ရှိသေးတယ်"

"ဒီမှာ မဖြူ၊ ကိုမှိုင်းက လက်ချည်း အတောင်းအရမ်း လာတာ မဟုတ်ဘူး၊ မွေးမြူရေး လုပ်ချင်လို့ လာတိုင်ပင်တာ"

"အို ... ရှုပ်ရှုပ်ယှက်ယှက်၊ ဒီစက်ရုံ အလုပ်ပဲ နိုင်နင်းအောင် လုပ်ပါဦး ကိုကျော်ရယ်၊ အကုသိုလ် အလုပ်မျိုး မလုပ်ချင်စမ်းပါနဲ့"

"မဖြူရယ် ... ဘာလုပ်မယ်ဖြင့် မသိသေးဘူး၊ ထင်ရာ စွတ်ပြောတော့တာ ပါပဲလား။ ကျုပ်လည်း သူများအသက် သတ်တဲ့ အလုပ် အားပေးအားမြှောက် ပြုမတဲ့လား၊ မဟုတ်တာကြီး"

ဒေါ်ခင်ဖြူဖြူတစ်ယောက် နောက်ထပ် အထွန့်မတက်နိုင်မီ ဦးကျော်ဇောသည် ခြေလှမ်းကျဲကြီးများဖြင့် အခန်းထဲမှ ထွက်ခွာသွားတော့သည်။

"ဒယ်ဒီက တစ်မျိုးပဲနော်၊ သိပ် အိုင်ဒီယာ အောက်တယ်"

ကျော်ဇောဦးက လိမ္မော်ရည် ကုန်သွားသော ဖန်ခွက်ကို လက်တွင် လှည့်ကစားရင်း ပြောလိုက်သည်။

"ဟုတ်တယ်နော် ... ကိုကိုကျော်၊ ကိုယ့်အရှိန်အဝါ၊ ကိုယ့်ဂုဏ်နဲ့ အဆင့်အတန်း မြင့်မြင့် မနေတတ်ဘူး။ ဟိုတောသားကြီးကိုလည်း ဆိုဖာပေါ်မှာ ထိုင်ခိုင်းထားတယ်။ ဆိုဖာကြီးကို သူ့အဝတ်အစား နံနံစော်စော်ကြီးနဲ့ အနံ့အသက်တွေတောင် ကူးသွားပြီလား မဆိုနိုင်ဘူး"

ဒေါ်ခင်ခင်ဖြူသည် မဲ့ကာရွဲ့ကာ ပြောနေသော သမီးငယ်၏ စကားကို ကောင်း၏ ဆိုး၏ ဝေဖန် ပိုင်းခြားခြင်း မပြုဘဲ အငေးသားသာ ကြည့်နေ၏။

"ဟော့ ... ညီမလေး၊ ရေချိုးလေ ...၊ တော်ကြာ အာချီ ရောက်လာတော့

မယ်"

"အော့ . . . ဟုတ်သားပဲ"

"သမီးတို့ ဘယ်သွားမလို့လဲ"

"အာချီတို့အိမ်မှာ သွားကစားမလို့။ တခြား သူငယ်ချင်းတွေလည်း လာမှာ"

"သူတို့အိမ်က ကားနဲ့ လာခေါ်မှာလား"

"ဟုတ်တယ် မာမီ"

"ကဲ . . . ကဲ . . . ရေမိုးချိုးကြ၊ သိပ်လည်း မိုးမချုပ်ကြနဲ့နော် . . . ဒီနေ့ကော အိမ်စာတွေ ပေးလိုက်သေးလား"

"ပေးပါတယ်၊ ဒါတွေ Small Matter တွေပါ မာမီ"

"ဟုတ်တယ် မာမီရဲ့။ Homework လောက်ကတော့ သမီးတို့ အပျော့ပဲ။ ကဲ . . . ရေချိုးလိုက်ဦးမယ် နော်၊ မချိုးခင် မာမီကြီးကို ဟော . . . One Kiss, Two Kiss, Three Kiss"

ခင်ဖြူဖြူဇော်သည် မေးရိုးတွေ ကောနေသော မိခင်၏ ပါးနှစ်ဖက်ကို တရွတ်ရွတ် ဘယ်ပြန် ညာပြန် နမ်းရှုပ်လိုက်ပြီးမှ အိပ်ခန်းထဲက ပြေးထွက်သွား၏။

ဒေါ်ခင်ဖြူဖြူမှာတော့ ရင်ထဲတွင် ပီတိသိမ့်သိမ့်ဖြင့် ကျန်ရစ်လေ၏။

***